


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၁၃–၇–၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ဟောကြားဆုံးမတော်မူသော

# ဒုက္ခလွန်မြောက်နိဗ္ဗာန်ရောက်

(ဒုက္ခသိမှ ဒုက္ခငြိမ်းရာကိုရောက်မယ်)

၃၀၄



၁၃-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# ဒုက္ခလွန်မြောက်နိဗ္ဗာန်ရောက်

(ဒုက္ခသိမှ ဒုက္ခငြိမ်းရာကိုရောက်မယ်)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့် (မြဲ-၀၄၃၇၅)<br>မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး<br>အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြဲ-၀၅၁၃၅)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်<br>၈၄/၈၆၊ လမ်း ၅၀ (အလယ်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏**
**မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**

CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး
ဒုက္ခလွန်မြောက်နိဗ္ဗာန်ရောက်၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်(၂၀၁၂)
စာ - ၆၀၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) ဒုက္ခလွန်မြောက်နိဗ္ဗာန်ရောက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ
၁၃-၇-၆၂ ရက်နေ့ ,
အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# ဒုက္ခလွန်မြောက် နိဗ္ဗာန်ရောက်

## (ဒုက္ခသိမှ ဒုက္ခငြိမ်းရာကိုရောက်မယ်)

ဒကာ၊ ဒကာမတွေ ဗုဒ္ဓဘာသာမှန်က ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရချင်ပါတယ်ဘုရားဆိုတဲ့ ဥစ္စာလူတိုင်း အလုပ်ကို သေသေချာချာမှတ်ကြပါ။ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီး ရချင်ပါတယ်ဆိုလို့ရှိရင်ဖြင့် ဒုက္ခသိမှ ဒကာ ဒကာမတို့ ဒုက္ခငြိမ်းရာကို ရောက်မယ် ... (မှန်ပါ့)။ ဒုက္ခသိမှ ဒုက္ခငြိမ်းရာရောက်မယ်။

## ဒုက္ခသိမှ ဒုက္ခငြိမ်းရာရောက်မယ်

ဒကာ၊ ဒကာမတွေ ဒုက္ခသိမှ ဘာရောက်ပါလိမ့် ... (ဒုက္ခငြိမ်းရာရောက်ပါမယ်ဘုရား)။ ဒုက္ခမသိဘဲနဲ့ ဒုက္ခငြိမ်းရာကို ... (မရောက်ပါဘုရား)။ မရောက်နိုင်ဘူးဆိုတာ သေချာပလား ... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဩော် ... ဒုက္ခသိဖို့ အရေးကြီးပါလားဆိုတဲ့အချက်ဟာ တစ်နံပါတ်မှတ်ရမယ်၊ ဒုက္ခသိဖို့ အရေးကြီးပါလားဆိုတာ တစ်နံပါတ်အချက်မှတ်ရမယ်။

အဲဒီတော့ ဒကာ၊ ဒကာမတွ ဒုက္ခသိတယ်ဆိုလို့ရှိရင်ဖြင့် ဒုက္ခက ဒုက္ခသစ္စာ၊ သိတာကမဂ္ဂသစ္စာ သွားဖြစ်တယ်။ ဒုက္ခက ... (ဒုက္ခသစ္စာပါဘုရား)၊ သိတာက ... (မဂ္ဂသစ္စာပါဘုရား)။

ဩော် ... ဒါဖြင့် ဒုက္ခသိရင် မဂ်ဖြစ်တာပဲ၊ ဒကာ၊ ဒကာမတို့ ဘာတဲ့ ... (ဒုက္ခသိရင် မဂ်ဖြစ်ပါတယ်ဘုရား)၊ ဒုက္ခသိရင် မဂ်ဖြစ်တာပဲဆိုတာ ပေါ်လာကြပြီလား ... (ပေါ်လာပါပြီဘုရား)။

## ဆရာတာဝန်နှင့် ဒကာ့တာဝန်

ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတို့ ဒုက္ခသိမှုက ဆရာ့တာဝန်နော် ... (မှန်လှပါဘုရား)၊ ဝိပဿနာမဂ်ဖြစ်ဖို့ကလည်း ဆရာ့တာဝန်ပါပဲ။ လောကုတ္တရာမဂ်အစစ်ဖြစ်ဖို့ရာ ခင်ဗျားတို့ ပွားများယူမှုဖြစ်မယ်။

အဲဒီတော့ကို သစ္စာကို မသိလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်လိုပဲ လုပ်ကိုင်နေကြငြားသော်လည်း နိဗ္ဗာန်မရပါဘူး။ သစ္စာသိရင် နိဗ္ဗာန်ရမယ်။ ရှင်းကြပြီလား ... (ရှင်းပါပြီဘုရား)။

## ဒုက္ခသစ္စာသိဖို့ပဲ အရေးကြီးတယ်

သစ္စာက ဒုက္ခသစ္စာသိဖို့ပဲ အရေးကြီးတယ်၊ ဒုက္ခသစ္စာသိရင် သမုဒယသစ္စာ ပယ်ပြီးသားဆိုတဲ့ အဓိပ္ပာယ်သည်ပါပြီးသား၊ အတွင်းဝင်ပြီးသားဆိုတာ သေသေချာချာမှတ်ပါ ... (မှန်လှပါဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ အဝေးကြီးကနေရတဲ့ ဒကာ၊ ဒကာမတွေ မီးရောင်နဲ့ ဒီစာကလေးတွေ ပဋိစ္စသမုပ္ပာဒ်ကို ထောက်ပြမယ်။ ခင်ဗျားတို့ သေသေချာချာမှတ်ပါ။

ဒကာ၊ ဒကာမတွေ သံသရာရှည်နေတာလေး နည်းနည်းပြောချင်တာက အဝိဇ္ဇာဆိုတဲ့ ဉစ္စာ၊ ဒကာ၊ ဒကာမတို့ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ၊ ရှင်းကြပြီလား ... (ရှင်းပါပြီဘုရား)၊ သစ္စာလေးပါးမသိတာ ... (အဝိဇ္ဇာပါဘုရား)။

ဪ ... သစ္စာလေးပါးမသိတဲ့ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာဖြစ်ရပါတယ်ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၌ သစ္စာမသိရင်ဖြင့် နိဗ္ဗာန်တွေ့ရှိဖို့ အတော်ခဲယဉ်းပါတယ်။

# သစ္စာသိမှုနှင့် ရှုမှတ်နည်း

ဒါကြောင့် ရှေးဦးစွာ သစ္စာသိမှုကို ဟောပါမယ်။ ဟောပြီးတော့မှ သစ္စာသိလို့ နိဗ္ဗာန်ဝင်ပုံကိုလည်း ဒကာ၊ ဒကာမတွေ ရှုနည်းမှတ်နည်းနဲ့တကွ သေခါနီးမှာ နိဗ္ဗာန်ရတဲ့ ဆန္နဝတ္ထုကိုလည်း သေသေချာချာရှင်းပြပါ့မယ်။

ဆန္န ဝိပဿနာမြင်ပုံကိုလည်း သေသေချာချာပြမယ်။ အဲဒါကြောင့် ဒီတရားပွဲမှာ ခု ဒကာ၊ ဒကာမတွေ ကံကောင်းအကြောင်းသင့်ပြီး ဒီတိုက်မှာ စာချဆရာတော် ဦးကောဏ္ဍည ဘုန်းကြီး၏ တပည့်ဖြစ်နေလို့ ဒကာ၊ ဒကာမတွေလည်း ချီးမြှောက်ချင်တယ်၊ ဒီတပည့်ကိုလည်း ဩော် သူတို့ ဆရာလာတဲ့အခါ သူတို့နားထဲမှာ ကြားသင့်ကြားထိုက်တာတွေ ကြားပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ ဒကာ၊ ဒကာမတွေလည်း သိစေချင်တဲ့ စိတ်ထားနဲ့ ဒီနေရာမှာ တစ်ညပေးလိုက်ပါတယ်။

သစ္စာမသိတာ ဘာပါလိမ့် ... (အဝိဇ္ဇာပါဘုရား)။ ဩော် ... ဒုက္ခသစ္စာကော သူသိရဲ့လား ... (မသိပါဘုရား)၊ သမုဒယသစ္စာ ... (မသိပါဘုရား)၊ နိရောဓသစ္စာ ... (မသိပါဘုရား)၊ မဂ္ဂသစ္စာ ... (မသိပါဘုရား)။

## သစ္စာမသိတာ အကန်း

ဒါဖြင့် အကန်းလို့သာ မှတ်ပေတော့၊ အဝိဇ္ဇာဆိုတာ အကန်းလား၊ အမြင်လား ... (အကန်းပါဘုရား)၊ သေသေချာချာ မှတ်ပါ၊ ဩော် ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်တုန်းက ကန်းခဲ့သလဲလို့မေးတော့ ဒီ ဒကာ၊ ဒကာမတွေ အဖြေထွက်လာပါ လိမ့်မယ်နော်။

ဒီမှာကြည့်စမ်း အတိတ်က၊ မပါဘူးလား ... (ပါပါတယ် ဘုရား)၊ ဘယ်တုန်းက ကန်းခဲ့ကြသတုန်း ... (အတိတ်တုန်းကပါ ဘုရား)၊ အတိတ်က ကန်းခဲ့တယ်ဆိုတဲ့ဥစ္စာ မသေချာသေးဘူးလား ... (သေချာပါတယ်ဘုရား)။

အတိတ်က သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ ကျုပ်တို့နေခဲ့ကြရ တယ်။ အဲဒီလို နေခဲ့ကြရတော့ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်သည်တဲ့ ပြုချင်တဲ့ ကုသိုလ်ကို ပြုတယ်၊ ပြုချင်တဲ့ အကုသိုလ်ကို၊ မပြုကောင်းတဲ့ အကုသိုလ်လည်းပြုတယ်။

ပြုတဲ့အခါကျတော့ စာလိုသုံးတော့ သခါရ၊ ပြုချင်သလို ပြုတာက ကုသိုလ်လည်းပြုချင်သလိုပြုတာပဲ။ အကုသိုလ်ကိုလည်း ပြုချင်သလို ပြုလုပ်တာကို ဘာခေါ်ကြမတုန်း ... (သခါရပါဘုရား)။

ဒါဖြင့် မသိလို့ ပြုလုပ်သည်၊ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)၊ မသိလို့ ... (ပြုလုပ်ပါတယ်ဘုရား)၊ ပြုလုပ်တယ် ဆိုတာ ရှင်းကြပြီလား ... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် မသိလို့ပြုလုပ်တဲ့ပုဂ္ဂိုလ်ဟာဖြင့် အကန်းလမ်းသွားပြီ ပေါ့၊ ဒကာ ဒကာမတို့ ဘယ်လိုဆိုကြမတုန်း ... (အကန်းလမ်း သွားပါပြီဘုရား)၊ အကန်းလမ်းသွားပြီ၊ ချော်မှလဲပ့ါမလား၊ ဘယ်လို ဆိုကြမတုန်း ... (ချော်လဲမှာပါဘုရား)။

အကန်းလမ်းသွားရင် ချော်လဲလိမ့်မယ်ဆိုတာ သံသယရှိဖို့ လိုသေးသလား ... (မလိုပါဘုရား)၊ ပေါ်ကြပြီလား ... (ပေါ်ပါပြီ ဘုရား)။

ဒါကြောင့် အတိတ်ဘဝက အကန်းတစ်ယောက် ဘုံဘဝ ရောက်စေတတ်တဲ့ ကုသိုလ်တွေပြုပါတယ်။ ဝဋ်ကျွတ်တဲ့ကုသိုလ်ကို မဆိုလိုနော် ... (မှန်ပါဘုရား)။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘုံဘဝရောက်စေတတ် တဲ့ ကုသိုလ်တွေ မပြုဘူးလား ... (ပြုပါတယ်ဘုရား)။ ဆုကော မတောင်းဘူးလား ... (တောင်းပါတယ်ဘုရား)။ ဒါဖြင့် ဒီထဲမှာ ကုသိုလ်လည်းပါတယ်။ ဆုတောင်းတဲ့တဏှာလည်းပါတယ်။

## ကုသိုလ် အကုသိုလ်နဲ့ လမ်းသွားနေတယ်

အဝိဇ္ဇာပစ္စယာ ... (သင်္ခါရာ) ဒါဖြင့် အကန်းလမ်းသွားပြီ၊ ဒကာ၊ ဒကာမတို့ ... (မှန်ပါ့)။ မသွားသေးဘူးလား ... (သွားနေပါ တယ်ဘုရား)။ ညာခြေဆိုတဲ့ ကုသိုလ်နဲ့ ဘယ်ခြေဆိုတဲ့ အကုသိုလ်နဲ့ လမ်းသွားနေတယ်။ မသွားပေဘူးလား ... (သွားပါတယ်ဘုရား)။

စုတေမနေ သေလွန်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ ဒီအကြောင်းနဲ့ ဒီအကျိုးမြားကလေး မပြဘူးလား ... (ပြပါတယ်)။ ဟော့ ... မင်းတို့ဖြင့် စုတေရင် ဒီဘက်ဆက်သွားမှာပဲ။ မဆက်ပေဘူး လား ... (ဆက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ပြုလုပ်ခဲ့တာ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။ ဪ ... ဒါဖြင့်ဒကာ၊ ဒကာမတွေ ကိုယ်ကျိုးနည်းပြီ။ သမုဒယသစ္စာလုပ်တာ ကိုး ... (မှန်ပါ့)။ ကုသိုလ်လည်း သမုဒယပဲ။ ဘုံဘဝတောင့်တ လုပ်တာကိုး ... (မှန်ပါ့)။

အဲဒီတော့ ကုသိုလ်ကို ဘာသစ္စာဆိုမယ် ... (သမုဒယ သစ္စာပါဘုရား)။ ဘုံဘဝဆုတောင်းတဲ့ တဏှာကော ... (သမုဒယ သစ္စာပါဘုရား)၊ အဝိဇ္ဇာကော ... (သမုဒယသစ္စာပါဘုရား). ဒါဖြင့် အဝိဇ္ဇာသခ်ါရသည် သမုဒယသစ္စာ ... (မှန်ပါ့) ဘယ်တုန်းက လုပ်ခဲ့ပါလိမ့် ... (အတိတ်ဘဝတုန်းကပါဘုရား)။ ဪ ... အတိတ် က ခင်ဗျားတို့ အတော်ဆိုးတဲ့လူတွေပါလား မျက်စိကန်း လမ်းသွား နေကြတာပါလား ... (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ အတိတ်က ခင်ဗျားတို့ ဘယ်လိုနေခဲ့ကြ ပါလိမ့် ... (မျက်စိကန်းလမ်းသွားနေပါတယ်ဘုရား)။ မျက်စိကန်း လမ်းသွားရင် ချော်မှလဲပဲ့မလား ... (လဲပါတယ်ဘုရား)။

မျက်စိကန်းလမ်းသွားတော့ ဒကာ၊ ဒကာမတို့ ချိုင့်ဟာလည်း သူ့လဲစရာချိုင့်ပဲ၊ ကျင်းဟာလည်း သူကျစရာကျင်းပါပဲ။ ခလုတ်ဟာလည်း သူတိုက်စရာ ခလုတ်ပါပဲဆိုရင် လွဲပါ့မလား ... (မလွဲပါဘုရား)။

အဲဒါ ယနေ့ည မျက်စိဖွင့်ပေးပြီးသကာလ ဒကာ၊ ဒကာမတွေ ပေးရမည့်ဥစ္စာ ဒါတရားဟောတယ်ခေါ်တာပဲ ... (မှန်ပါ့)။ ယနေ့ည ဆရာဘုန်းကြီးက ဒီဒကာ၊ ဒကာမတွေ ဘာလုပ်ပေးမတုန်း... (မျက်စိဖွင့်ပေးမှာပါဘုရား)။

မျက်စိဖွင့်ပြီးသွားရလို့ရှိရင်ဖြင့် လဲစရာလိုသေးရဲ့လား ... (မလိုပါဘုရား)။ ဩော် ... ဒါဖြင့် ဆရာသမား အရေးဟာကတယ်ကြီးပါကလား။ မပေါ်ကြသေးဘူးလား ... (ပေါ်ပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် အတိတ်ကအဝိဇ္ဇာ၊ သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ ကုသိုလ်သင်္ခါရနဲ့ အကုသိုလ်သင်္ခါရ လုပ်ခဲ့ကြတယ်။ မလုပ်ဘူးလား ... (လုပ်ခဲ့ပါတယ်ဘုရား)။ လုပ်တော့ စုတေမနေ အတိတ်ဘဝက သေတဲ့အခါကျတော့ ဒီဘက် အကြောင်းအကျိုးမဆက်ဘူးလား ... (ဆက်ပါတယ်ဘုရား)။

## သင်္ခါရနှင့် ဝိညာဏ်တစ်စပ်ဒုက္ခရောက်တာမှတ်

ဟောဒီ မြားကလေးက ဒကာ၊ ဒကာမတို့ သင်္ခါရနဲ့ ဝိညာဏ်ဆက်ပေါ့လို့ ပြောတာ။ မပြောသေးဘူးလား ... (ပြောပါ

တယ်ဘုရား)။ ဒါဖြင့် အတိတ်ဘဝက ဘာသစ္စာလုပ်ခဲ့သတုန်း ... (သမုဒယသစ္စာလုပ်ခဲ့ပါတယ်ဘုရား)။

ဒီဘက်ဆက်လိုက်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မလာဘူးလား ... (လာပါတယ်ဘုရား)။

ဪ ... ဒါဖြင့် ဘယ်အချိန်များ ခန္ဓာငါးပါးပေါ်နေပါလိမ့် မတုန်းလို့ မသိဘဲနေမှာစိုးလို့ ဒါကလေးဖတ်လိုက်တော့ ပစ္စုပ္ပန်၊ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

အခု ဘယ်ကာလထဲမှာ ဒကာ၊ ဒကာမတွေ ရောက်နေ သတုန်း ... (ပစ္စုပ္ပန်ကာလထဲမှာ ရောက်နေပါတယ်) ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒါဖြင့် ဒီတရားနာ လာကြတာဟာ တကယ့်ဒုက္ခသည်တွေ လာနာနေကြတာပါလား ... (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်သူတွေ လာနာသတုန်း ... (ဒုက္ခသည်တွေ လာနာကြပါတယ်ဘုရား)။ သိပလား ... (သိပါတယ် ဘုရား) ကျန်းမာလို့ နာနိုင်တာလား၊ ဒုက္ခရောက်လျက်နဲ့ လာကြတာလား ... (ဒုက္ခရောက်လျက်နဲ့ လာကြတာပါဘုရား)။ တော်လာပြီ။ တော်လာပြီ။ ကိုယ့်အကြောင်းကိုယ် သိလာကြပြီနော်။

ဒကာ၊ ဒကာမတို့ ဘာတဲ့တုန်း ... (ကိုယ့်အကြောင်း ကိုယ်သိလာပါပြီ ဘုရား)။ ကျန်းမာလို့ လာနိုင်ကြတာလား၊ ဒုက္ခ သစ္စာကြီးနဲ့ လာကြတာလား ... (ဒုက္ခသစ္စာကြီးနဲ့ လာကြတာပါ ဘုရား)။

ဒုက္ခသည်တွေပဲတဲ့။ ဒီဘဝမှာ ချော်လဲရမယ်၊ ဒါဇာတိပါပဲ ဒကာ၊ ဒကာမတို့ (ဝါ) ပဋိသန္ဓေဝိညာဏ်ပါပဲ။ သံဃာတွေအတွက်ဆိုလို့ရှိရင်နော် ... (မှန်ပါ့)။

ပဋိသန္ဓေဝိညာဏ်ဟာ ဒကာ၊ ဒကာမတို့ဒီအကွက်ရောက်လာတော့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒီပဋိသန္ဓေဝိညာဏ်ဟာ ဒကာ၊ ဒကာမတို့ ဒီအကွက်ရောက်လာတော့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ အဲဒါ ဇာတိပိဒုက္ခသစ္စာ သဘောကျပလား ... (ကျပါပြီ)။ ဒါ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခရောက်ပြီ ဒကာ၊ ဒကာမတို့ ဒါကြောင့် အကန်းလမ်းသွားလို့ ချော်လဲတယ်။ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။ အကန်းလမ်းသွားတာနဲ့ ဒါက ဘာတဲ့ ... (ချော်လဲတာပါဘုရား) အကန်းလမ်းသွားတာက ဘာသစ္စာ ... (သမုဒယသစ္စာပါဘုရား)။ ချော်လဲတာက ... (ဒုက္ခသစ္စာပါဘုရား)။

ဩော် ... ဒကာ၊ ဒကာမတွေ ယခု ဘယ်ထဲရောက်နေပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ ချော်လဲတယ်ဘုရား။ ချော်လဲလို့ အနာရတယ်။ မရဘူးလား ... (ရပါတယ်ဘုရား)။ "ဝိညာဏ ပစ္စယာ နာမရူပံ" ဆိုတော့ နာမ်ရုပ်တည်းဟူသော ဒကာ၊ ဒကာမတို့ အနာတွေ မပေါ်လာဘူးလား ... (ပေါ်လာပါတယ်ဘုရား)။

## နာမ်ရုပ်ဆိုတာ အနာတွေပါ

ဒါကြောင့် ဘုရားက နာမ်ရုပ်ကို ရောဂတော-အနာတွေကွ လို့ မဟောဘူးလား ... (ဟောပါတယ်ဘုရား)။ ဒါဖြင့် အနာရပလား ... (ရပါတယ်ဘုရား)။ ချော်လဲလို့ ဘာဖြစ်တုန်း ... (အနာရပါတယ် ဘုရား)။ အနာရတော့ စက္ခုသောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ ပြည်တွေထည့်လာတယ်။ မထည့်သေးဘူးလား ... (ထည့်ပါပြီ ဘုရား)။

ပြည်ထည့်တော့ အနာပြည် ထည့်နေတုန်းမှာ ဖဿဆိုတာ သည် တွေ့ထိတတ်တဲ့ သဘောသတ္တိရှိသောကြောင့် အာရုံခြောက် ပါးတည်းဟူသော ဖဿခြောက်မျိုးကနေ ထိုးလိုက်တာပြည်ထည့် နေတဲ့အနာ ဆူးနဲ့ထိုးတာ၊ ရိပ်မိပလား ... (ရိပ်မိပါပြီ ဘုရား)။ ပြည်ထည့်နေတဲ့အနာ ဆူးနဲ့ထိုးတာ ဖဿပဲ ... (မှန်ပါ့) ဒီဖဿက ဒကာ၊ ဒကာမတွေက ဆူးနဲ့ထိုးတာ သိတော့မှ ဆူးထိုးတဲ့ပုဂ္ဂိုလ် အနာရမှ ရပ့်မလား ... (ရပါတယ်ဘုရား) ဒါဖြင့် ဖဿပစ္စယာ ... (ဝေဒနာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာ ချော်လဲတာရယ်၊ အနာရတာရယ်၊ ပြည်ထည့် တာရယ်၊ ဆူးထိုးမိတာရယ်၊ ဝေဒနာပြင်းထန်လာတာရယ် မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

## ၁၂ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား

ဒါဖြင့် ဒီငါးခု ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ အခု တရားနာလာကြတာ ဒီငါးခုမှ တစ်ပါး အခြားပါသေးရဲ့လား ... (မပါ,ပါဘုရား)။ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား) ဘာသစ္စာ ရသတုန်း ... (ဒုက္ခသစ္စာရပါတယ်ဘုရား)။ ဘယ်ကာလများ ရပါ လိမ့် ... (ပစ္စုပ္ပန်ကာလရပါတယ်)။ ပစ္စုပ္ပန်ကာလမှာရတယ် ... (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ပစ္စုပ္ပန်အကျိုးလို့ဆိုပြီးငါးပါးပြတာ မှားများ မှားသေးသလား ... (မမှားပါဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတွေ အခု ဒုက္ခသစ္စာကို ခင်ဗျားတို့ဖြင့် တရားနာနေတဲ့ ဒကာ၊ ဒကာမတွေ ကိုယ်ပိုင်ရပေါ့ဆိုတာ မသေချာသေးဘူး ... (သေချာပါတယ်ဘုရား)။

အင်း ... ဘယ့်နှယ်ကြောင့် ဒီဒကာ၊ ဒကာမတွေ ဒီဒုက္ခ ကြီးနဲ့ ဒုက္ခခန္ဓာတွေ သယ်ပိုးဆောင်ရွက်ပြီးသကာလ နေရပါလိမ့် မလဲလို့ အမေးထုတ်လို့ရှိရင်ဖြင့် အကန်းလမ်းသွားလို့ ချော်လဲတဲ့ အနာတွေရပြီး ဝေဒနာပေါ်တာဘုရား။ ပေါ်ကြပလား ... (ပေါ်ပါပြီ ဘုရား)။

ဒါက အတိတ်ဘဝက ဘာသစ္စာတုန်း ... (သမုဒယ သစ္စာပါ ဘုရား)။

# ဒုက္ခသစ္စာနဲ့နေရတဲ့ဘဝကြီး

ယခုဘဝ ဘာနဲ့နေရသတုန်း ... (ဒုက္ခသစ္စာနဲ့ နေရပါတယ် ဘုရား)။ ဒါဖြင့် ခန္ဓာငါးပါးပဲ။ ခင်ဗျားတို့ သိမှုနဲ့ပြောရင် ခန္ဓာငါးပါး၊ ပဋိစ္စသမုပ္ပါဒ်အလိုဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပေါင်းလိုက်ရင် ခန္ဓာငါးပါး မဖြစ်ဘူးလား ... (ဖြစ်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သမုဒယသစ္စာကြောင့် ဘာသစ္စာဖြစ်သတုန်း ... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။ ရှင်းပလား ... (ရှင်းပါပြီ)။ ယခုတရားနာနေတာ ဒီထဲမှာလား၊ ဒီထဲမှာပဲလား ... (ပစ္စုပ္ပန်ကာလထဲမှာပါဘုရား)။ ဘာသစ္စာနဲ့ တရားနာနေတုန်း ... (ဒုက္ခသစ္စာနဲ့ တရားနာနေပါတယ်ဘုရား)။

ဒုက္ခသစ္စာနဲ့ တရားနာနေကြတယ်ဆိုတာ ဩော် ... ယောကျ်ားတွေ၊ မိန်းမတွေ ဆရာဘုန်းကြီးလာလို့ ဝိုင်းလာကြတာလား၊ ဒုက္ခသစ္စာတွေ စုနေကြတာလား ... (ဒုက္ခသစ္စာတွေ စုနေကြတာပါဘုရား)၊ ဒုက္ခသစ္စာတွေ စုနေကြတာဆိုတာ မပေါ်သေးဘူးလား ... (ပေါ်ပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ကံကောင်းလို့ လူဖြစ်တာလားတဲ့။ ဒကာ၊ ဒကာမတို့ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် လုပ်ချင်သလိုလုပ်လို့ ဒုက္ခရောက်တာလား ... (မျက်စိမမြင်တဲ့ပုဂ္ဂိုလ် လုပ်ချင်သလိုလုပ်လို့ ဒုက္ခရောက်တာပါဘုရား)။

သို့သော် ခင်ဗျားတို့က ရန်ကုန်မြို့ကြီးမှာလာပြီး လူဖြစ်ရတာဘုရား တော်တော်သေးရဲ့။

သစ္စာမှမသိ ဘာ့ တော်သေးရဲ့ ဖြစ်နေတယ်။ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)။ သစ္စာမသိတော့ ... (တော်သေးရဲ့ ဖြစ်နေပါတယ်ဘုရား)။ ခု သစ္စာသိတော့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ တော်ကြပလား ... (မတော်ပါဘုရား)။ အတော်ဆိုးသွားတယ် ... (မှန်ပါ့၊ အတော်ဆိုးသွားပါတယ်)။

## ဉာဏ်နားနှင့် နာပါ၊ လူ့ဘဝအရ တော်နေသလားလို့

အေး ... ဒကာ၊ ဒကာမတွေ အတော်မဆိုးဘူးလား ... (ဆိုးပါတယ်ဘုရား)။ သေသေချာချာ ဉာဏ်နားနဲ့ထောင်ကြည့်ပါ။ ဒကာ၊ ဒကာမတို့ ဉာဏ်နားနဲ့ ထောင်ကြည့်တော့ လူ့ဘဝအရ တော်နေတာလား၊ ဒုက္ခသိမ်းပိုက်နေရတာလား ... (ဒုက္ခသိမ်းပိုက်နေရတာပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီမှာ အနာတွေ့ရတယ်။ အနာရတဲ့ ဒကာ၊ ဒကာမ ဘာရှာကြပါသတုန်းလို့ မေးတဲ့အခါ ဆေးရှာတယ်။ အနာပျောက်ချင်တာနဲ့ ဆေးမရှာဘူးလား ... (ဆေးရှာပါတယ်ဘုရား)။ ဆေးရှာတာသည် တဏှာပဲ ... (မှန်ပါ့)။ ဒီဘက် မကူးဘူးလား ... (ကူးပါတယ်ဘုရား)၊

ဒကာ၊ ဒကာမတို့ ဒီနဲ့ဒီ စပ်မသွားဘူးလား ... (စပ်ပါတယ်ဘုရား)။ ဒါဖြင့် ဝေဒနာပစ္စယာ ... (တဏှာပါဘုရား)။ ဟင် ... အနာရတဲ့ ပုဂ္ဂိုလ်ဟာ ဘာလုပ်တာပါလိမ့် ... (ဆေးရှာတာပါဘုရား)။ ဆေးရှာတာ တဏှာပဲဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။ ဆေးရှာပြီးသကာလ ဒကာ၊ ဒကာမတို့ မရ ,ရအောင် သိမ်းပိုက်တာ ဥပါဒါန်၊ သဘောကျပလား ... (ကျပါပြီဘုရား)။ မရ,ရအောင် သိမ်းပိုက်တာက ... (ဥပါဒါန်ပါဘုရား)။

ဆေးကို မရ,ရအောင် သိမ်းပိုက်တာ ဥပါဒါန် ... (မှန်ပါ့)၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။ နောက်တစ်ခါ ခင်ဗျားတို့က ဝင်္ဘာဝရောက်စေတတ်တဲ့ ဒါနကံ၊ သီလကံ၊ အကုသိုလ်ကံတွေ လုပ်ပြန်တော့ကိုတဲ့ ဆေးလိမ်းမှားပြန်တယ်။ ဒကာ၊ ဒကာမတို့ ဘာဖြစ်ပြန်သလဲ ... (ဆေးလိမ်းမှားပြန်တယ်)၊ ဆေးလိမ်းမှားပြန်လို့ ရှိရင် နောက်အနာပြန်ရမလား၊ ဇာတိ၊ ဇရာ၊ မရဏ၊ (ပြန်ရပါမယ်ဘုရား)။

ဒါဖြင့် ဇာတိ၊ ဇရာ၊ မရဏဟာ သစ္စာတုန်း ... (ဒုက္ခသစ္စာပါ ဘုရား)။ ဆေးရှာတာက ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။ သွားပြီး ခင်ဗျားတို့ ၄ ကွက်၊ မပြည့်သေးဘူးလား ... (ပြည့်ပါပြီ ဘုရား)၊ တစ်၊ နှစ်၊ သုံး၊ လေး၊ ဒကာ ဒကာမတို့ တစ်ပတ်မရ သေးဘူးလား ... (ရပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီမှာလည်း ဒုက္ခသစ္စာရပြန်တော့ ဒုက္ခရောက်တဲ့ပုဂ္ဂိုလ် ဆေးရှာဦးမှာပဲဆိုပြီး သမုဒယသစ္စာမလုပ်ဘူး လား လုပ်မလား ... (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပတ်မိသွားပြီ ... (ပတ်မိသွားပါပြီ)။

(ဤနေရာတွင် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ထောက်ပြသည်)။

# သမုဒယနှင့် ဒုက္ခသစ္စာလည်ပတ်နေတာ

ဒကာ၊ ဒကာမတို့ ပတ်မိပလား ... (ပတ်မိပါပြီဘုရား)။ ပတ်မိတော့ တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုန်း။ ယခု ဘယ်လိုနေရသတုန်းလို့ မေးတဲ့အခါကျတော့ နောက်တုန်းက သမုဒယသစ္စာ၊ သဘောကျပလား ... (မှန်ပါ့)၊

ယခုဘဝ ဘာသစ္စာနဲ့တုန်း ... (ဒုက္ခသစ္စာနဲ့ပါဘုရား)၊ ဒုက္ခသစ္စာထဲမှာ ဆေးရှာတော့ ဘာသစ္စာဖြစ်သတုန်း ... (သမုဒယ သစ္စာပါဘုရား)။

ဒါဖြင့် အနာဂတ်ဘဝ ဘာသစ္စာရသတုန်း ... (ဒုက္ခသစ္စာ ရပါမယ်ဘုရား)။ ဩော် ... ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မှာ ဒုက္ခနဲ့ သမုဒယသာ လှည့်နေတာပဲ။ အကောင်းပါသေးရဲ့ လား ... (မပါ,ပါဘုရား)။

သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ထင်း၊ ထင်းနဲ့မီး အဖြစ်နဲ့လှည့်နေရတယ်၊ ဒကာ၊ ဒကာမတွေ အကောင်းပါရဲ့လား ... (မပါ,ပါဘုရား)။

ဒါဖြင့် တပည့်တော်တို့ဘုရား နောက်ဘဝများစွာမှာ စကြဝတေး၊ မန္တာတ်၊ သူဌေး၊ သူကြွယ်၊ သိကြား၊ ဗြဟ္မာတွေ ဖြစ်ခဲ့သလားဆိုတော့ ဒကာ၊ ဒကာမတို့ အဲဒါမပြောတတ်ဘူး။ ဒီသစ္စာနှစ်မျိုးလှည့်နေတာ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီဘုရား)။

သစ္စာဘယ်နှမျိုး လှည့်နေသတုန်း ... (နှစ်မျိုးလှည့်နေပါတယ်ဘုရား)။ ဘာသစ္စာ ... ဘာသစ္စာ ... (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)။

အတိတ်ဘဝက သမုဒယသစ္စာ ... (မှန်ပါ့)။

ပစ္စုပ္ပန်ဘဝမှာ ... (ဒုက္ခသစ္စာပါဘုရား)။

ခန္ဓာငါးပါးပေါ့ဗျာ ... (မှန်ပါ့)။

ဒုက္ခသစ္စာထဲနေပြီးသကာလ ပြန်မိုက်ပြန်တော့ ဘာသစ္စာဖြစ်သလဲ ... (သမုဒယသစ္စာပါဘုရား)။ မိုက်လို့ အကျိုးပေးပြန်တော့ ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခရောက်တာ မသိပြန်တော့ ... (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာ အားထုတ်ပြန်တော့ အကျိုးဘာသစ္စာရသတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာ မရဘူးလား ... (ရပါတယ်ဘုရား)။ ဒကာ၊ ဒကာမတွေ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

## မိုက်ကြောင်းနှင့် မိုက်ကျိုးကြောင့် သံသရာရှည်နေတာ

ဒါဖြင့် ဒကာ၊ ဒကာမတွေ သံသရာထဲမှာ ခင်ဗျားတို့ ဘယ်လိုနေခဲ့ရသတုန်းဆိုတော့ သစ္စာနှစ်ပါး လှည့်နေခဲ့ရတယ် ... (မှန်ပါ့)။ ပေါ်ပြီလား ... (ပေါ်ပါပြီဘုရား)။ ဘာလှည့်နေရတယ်။ မိုက်ကြောင်းရယ်၊ မိုက်ကျိုးရယ် ... (မှန်ပါ့)။

ဒါက ဘာပါလိမ့် ... (မိုက်ကြောင်းပါဘုရား)။

ဒါက ဘာပါလိမ့် ... (မိုက်ကျိုးပါဘုရား)။

ဒကာ၊ ဒကာမတို့ ဘုရားနဲ့ မတွေ့ခဲ့တာ သိပလား ... (သိပါပြီဘုရား)။ ဘုရားနဲ့မတွေ့တော့ ဘာတွေလုပ်ခဲ့သတုန်း ... (မိုက်ကြောင်းတွေ လုပ်ခဲ့ပါတယ်ဘုရား)။ ယခု ရပြန်တော့ ခန္ဓာက ... (မိုက်ကျိုးတွေ လုပ်နေပါတယ်ဘုရား)။ မိုက်ကျိုးထဲက ပြန်မိုက်ပြန်တော့ ... (မိုက်ကြောင်းဖြစ်ပါတယ်ဘုရား)။ မိုက်ကြောင်းပြန်ရပြန်တော့ ဘာတဲ့ ... (မိုက်ကျိုးပြန်ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ တပည့်တော် သိကြား၊ ဗြဟ္မာ ဖြစ်ခဲ့ရသလား၊ မိုက်ကြောင်းနဲ့ မိုက်ကျိုး လှည့်နေသလားမေးရင် ဘယ့်နှယ်ပြောမလဲ ... (မိုက်ကြောင်းနဲ့ မိုက်ကျိုးလှည့်နေပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲမှာ ခင်ဗျားတို့ အတိတ်ဘဝကရော ယခုပစ္စုပ္ပန်ဘဝကရော ဆရာကောင်း သမားကောင်း မတွေ့လို့ရှိရင်ဖြင့် မိုက်ကြောင်း မိုက်ကျိုး၊ မိုက်ကြောင်းမိုက်ကျိုး၊ ဒါပဲ လှည့်မယ် ဘယ်တော့မှ မလိမ္မာတော့ဘူး ... (မှန်ပါ)။ လိမ္မာစရာမြင်သေးရဲ့လား ... (မမြင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဒကာ၊ ဒကာမတွေ သံသရာရှည်ပါသလဲဆိုတာ ကိုယ့်အကြောင်း ကိုယ်သိကြပါတော့ ... တဲ့။ မိုက်ကြောင်းမိုက်ကျိုးလှည့်နေလို့ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။ ဘယ်လိုပေါ်ပါလိမ့် ... (မိုက်ကြောင်း မိုက်ကျိုးလှည့်နေပါတယ်ဘုရား)။ မိုက်ကြောင်း မိုက်ကျိုးလှည့်နေတာနဲ့ သံသရာရှည်တယ်ဆိုတာ သေသေချာချာပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။ ထွက်ပေါက်များတွေ့ကြပလား ... (မတွေ့ရပါဘုရား)။ မတွေ့တော့ဘူးဆိုတာ သေချာပြီလား ... (သေချာပါပြီဘုရား)။

## ထွက်လျှင်ထွက်၊ မထွက်လျှင်အဝိုင်းပြေး

ဒီနေ့ ပြတော့ပြမယ်၊ ထွက်လျှင်ထွက် မထွက်လျှင် ဒီအဝိုင်းအတိုင်း ပြေးကြပေတော့။ သဘောပါပလား ... (ပါ,ပါပြီဘုရား)၊ ထွက်လျှင်ထွက်ပါ။ မထွက်လျှင် ဘာစိတ်ချရမလဲ ... (အဝိုင်းအတိုင်း ပြေးနေရမှာပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သံသရာကြီးထဲမှာ ခင်ဗျားတို့ နေမှုထိုင်မှုကဖြင့် ငါသည် ရှေးဘဝက ကောင်းခဲ့လေသလား။ ဆိုးခဲ့လေသလားဆိုတာ သံသယမရှိနဲ့နော် ... (မှန်ပါ့)။ အတိတ်က ဘာသစ္စာ ... (သမုဒယသစ္စာပါဘုရား)။

ယခုရထားတာက ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)၊ ခန္ဓာငါးပါးကလေ ... (မှန်ပါ့)၊ ဒီခန္ဓာငါးပါးကလေ ... (မှန်ပါ့)၊ ဒီခန္ဓာငါးပါးကို သစ္စာရယ်လို့ မသိပြန်တော့ တဏှာဥပါဒါန်ကံနဲ့ မနေဘူးလား ... (နေပါတယ်ဘုရား)။

ကိုယ့်ခန္ဓာခင်တယ်၊ ကိုယ့်ခန္ဓာစွဲလမ်းတယ်၊ နောက်ဘဝ ကောင်းစားရေးဖြစ်စေ မကောင်းစားရေးဖြစ်စေ ကမ္မဘဝမလုပ်ဘူးလား ... (လုပ်ပါတယ်ဘုရား)။ လုပ်တော့ ပစ္စုပ္ပန်ကာလဆိုပြီး ထပ်မိုက်တာ သူပဲ ... (မှန်ပါ့)။ ထပ်မိုက်တော့ကို မိုက်ကျိုးမရဘူးလား ... (ရပါတယ်ဘုရား)။ အနာဂတ်ဘာသစ္စာရမလဲ ... (ဒုက္ခသစ္စာရပါတယ်ဘုရား)။ ဒါဖြင့် အတိတ်ကမိုက်လို့ ပစ္စုပ္ပန် ဒုက္ခရောက်တယ်။ သဘောကျပလား ... (ကျပါပြီဘုရား)။ အတိတ်က မိုက်လို့ ... (ပစ္စုပ္ပန်ဒုက္ခရောက်ပါတယ်)။ ပစ္စုပ္ပန်ဒုက္ခရတယ်။ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဒုက္ခရောက်တာကို ဒုက္ခမှန်းမသိလို့ ပြန်မိုက်ခြင်းကြောင့် ဘာသစ္စာရသလဲ ... (သမုဒယသစ္စာ ရပါတယ်)။ သမုဒယသစ္စာ

တည်းဟူသော အကြောင်းသစ္စာရထားတော့ ဒါဘာသစ္စာပြန်ဖြစ်မလဲ ... (ဒုက္ခသစ္စာပြန်ရပါတယ်ဘုရား)။ အနာဂတ်ဘဝမှာ ဒုက္ခသစ္စာ ပြန်မရဘူးလား ... (ရပါတယ်ဘုရား)။ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုစက်ကို လှည့်လိုက်မယ်နော်။ စက်ကိုလှည့်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေက ဒီအတိုင်း လည်နေတယ်ဆိုတာ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

## အလည်စက်ကိုဖြတ်ပေးမယ့် ပုဂ္ဂိုလ်ကိုရှာပါ

ဒါဖြင့် ဒီအလည်စက်ကို ဘယ်သူဖြတ်ပေးမလဲ။ ဒကာ ဒကာမတို့ ဖြတ်မည့်ပုဂ္ဂိုလ် သံသရာအကန့်အကွက်တွေကို ဖြတ်မည့် ပုဂ္ဂိုလ်ရှာဖို့ အရေးမကြီးဘူးလား ... (ကြီးပါတယ်ဘုရား)။ ခင်ဗျားတို့ ရှာကြပါလားလို့မေးတော့ ဘယ့်နှယ်ဖြေပါ့မလဲ ... (ရှာပါတယ်ဘုရား)။

တရားနာလာတာလား၊ ကိုယ့်အဝိုင်းပြေးဇာတ်သိမ်းချင်လို့ လာကြတာလား ... (အဝိုင်းပြေးဇာတ်သိမ်းချင်လို့ လာတာပါဘုရား)။ ဘုန်းကြီးရှေ့မှီ့သာ ပြောကြတယ်။ ပြေးလို့ကောင်းတုန်းများ ဖြစ်နေရင်တော့ ခက်ပါသေးရဲ့ ဒကာ၊ ဒကာမတို့ သေသေချာချာ စဉ်းစားကြစမ်းပါနော် ... (မှန်ပါ့ဘုရား)။ စဉ်းစားမိကြပလား ... (စဉ်းစားမိပါတယ်ဘုရား)။

သံသရာမှာ ဘယ်လိုနေခဲ့ကြသလဲ အဝိုင်းပြေးနေခဲ့ကြတယ် ... (အဝိုင်းပြေးပါ)။ ရှင်းပလား ... (ရှင်းပါပြီဘုရား)။ ဖြတ်ပေးမည့် ပုဂ္ဂိုလ်တွေ့ကြပလား ... (တွေ့ပါပြီဘုရား)။ ဘယ်တွေ့တုန်း ခင်ဗျားတို့ ... (အရှင်ဘုရားပါဘုရား)။

ဟင် ... သိပ်လည်း မမြှောက်ကြပါနဲ့ ဒကာ၊ ဒကာမတို့ ... တဲ့။ သေသေချာချာ ရှင်းပြပါတော့မယ်။ သတိထားပါနော်။ ရှေးဘဝများစွာ သံသရာက ဘယ်သစ္စာနှစ်ပါးနဲ့ အချိန်ကုန်ခဲ့ကြသလဲ ... (သမုဒယသစ္စာ ဒုက္ခသစ္စာနှစ်ပါးနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

## သမုဒယသစ္စာဆိုတာမီး၊ ဒုက္ခသစ္စာဆိုတာ ထင်း၊ မီးငြိမ်းမှာက

သမုဒယသစ္စာဆိုတာ မီး၊ ဒုက္ခသစ္စာဆိုတာ ထင်း၊ ထင်းနဲ့ မီးနဲ့ လောင်ပြီးသကာလ လည့်နေတယ်။ ရိပ်မိကြပလား ... (ရိပ်မိပါတယ်ဘုရား)။ သမုဒယသစ္စာဆိုတာ ဒကာ၊ ဒကာမတို့သိတဲ့ အတိုင်းတဲ့ မီးပါ။ ကိလေသာမီး ... (မှန်ပါ့)။ မပေါ်ကြသေးဘူးလား ... (ပေါ်ကြပါတယ်ဘုရား)။

ဒါက ခန္ဓာငါးပါး ထင်းမဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)။ မီးနဲ့ထင်းနဲ့ လောင်ပြီးလည့်နေတာ ခင်ဗျားတို့ ဖြစ်စဉ်ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

မီးနဲ့ထင်းနဲ့ လောင်ပြီးလှည့်နေတာ ဒကာ၊ ဒကာမတွေ၏ ဖြစ်စဉ်ဆိုတာ သဘောကျပလား ... (ကျပါပြီဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအထဲမှာ မီးငြိမ်းရာ နိရောဓသစ္စာပါပလား ... (မပါသေးပါဘုရား)။ မီးငြိမ်းတဲ့ မဂ္ဂသစ္စာကော ... မပါသေးပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တစ်သံသရာလုံး မဂ္ဂသစ္စာနဲ့ နိရောဓ သစ္စာသပိတ်မှောက်ထားတာ ဒီဒကာ၊ ဒကာမတွေ၊ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ သပိတ်မှောက်ထားတာ ဘယ်သူ ပါလိမ့် ... (တပည့်တော်တို့ပါဘုရား)။ အားမငယ်နဲ့၊ အားမငယ်နဲ့ ခင်ဗျားတို့၊ ကိုင်း ... ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ ယနေ့စကာပဲ ရှိသေးပါတယ်။ ကိုယ့်အကြောင်းကိုယ် သိကြ ပလား ... (သိပါပြီဘုရား)။

## ထွက်ပေါက်ရှာပါ

အကြောင်းကောင်းပဲလား။ အကြောင်းဆိုးပဲလား ... (အကြောင်းဆိုးပါဘုရား)။ ဆိုးတော့ ဆိုးဆိုးနဲ့ ပေနေတော့မလားတဲ့။ ထွက်ပေါက်ရှာကြမလား ... (ထွက်ပေါက်ရှာပါ့မယ်ဘုရား)။

ထွက်ပေါက်ရှာရမယ်နော် ... (မှန်ပါ့)။ ထွက်ပေါက်မပြလို့ ရှိရင်တော့ ဒကာ၊ ဒကာမတွေ ခက်ပြီဗျ ... (မှန်ပါ့ဘုရား)။ မခက်ပေဘူးလား ... (ခက်ပါတယ်ဘုရား)။ သေသေချာချာ

ခက်မယ်ဆိုတာ ဒကာ၊ ဒကာမ ယုံကြည်ကြပလား ... (ယုံကြည်ပါတယ်ဘုရား)။ သေသေချာချာ မှတ်ကြပါတဲ့။

တရားကလည်း အချိန်မရ၊ ခင်ဗျားတို့အပေါ်လည်း စေတနာကတော့ ရောက်ပါတယ် ... (မှန်ပါ့)။ ရောက်ပင်ရောက်ငြားသော်လည်း ဝါဆိုခါနီးဆိုတော့ကို တန်သလောက်ပဲ ပေးနိုင်တယ်ဆိုတာကိုတော့ အောက်မေ့ကြမယ်နော် ... (မှန်ပါ့ဘုရား)။

ဒါဟာ ရက်ပေါင်းသုံးလလောက် ဟောလည်းမကုန်ဘူး။ ဒကာ၊ ဒကာမတို့ အလုပ်ပါပြမှ ပြတ်မှာကိုးဗျ။ သို့သော် အလုပ်ပြတန်သလောက် ပြသွားမယ်နော် ... (မှန်ပါ့)။ မပူကြပါနဲ့တဲ့။ ဒါဖြင့် လည်ပုံတော့ဖြင့် ဒီစာထဲ သဘောကျတာလား၊ ကိုယ့်ကိုယ်တိုင် လည်တတ်တာလား ... (ကိုယ့်ကိုယ်တိုင်လည်တတ်တာပါ)။ သာဓုပါပဲဗျာ၊ စာထဲတောင် သဘောကျတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်တိုင် လည်တတ်ပါတယ်ဆိုတော့ တကယ့်ဒုက္ခသည်တွေဆိုတာ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။ ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်ဒုက္ခကိုယ် သိပါသလား ... (သိပါတယ်ဘုရား)။

## အပင်မှမျိုး၊ မျိုးမှအပင်

သမုဒယသစ္စာကြောင့် ဘာသစ္စာဖြစ်သတုန်း ... (ဒုက္ခသစ္စာ ဖြစ်ပါတယ်ဘုရား)။ ဒုက္ခသစ္စာထဲက သမုဒယသစ္စာတည်းဟူသော မျိုးစေ့တွေကျပြန်ပြီ ... (မှန်ပါ့)။ မျိုးစေ့ကျတာ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။

ဟောဒီ ဒုက္ခသစ္စာအပင်ပေါက်ပြီ၊ မပေါက်ဘူးလား ... (ပေါက်ပါတယ်ဘုရား)။

ဒီအပင်ကနေ မျိုးစေ့ကျပြန်ပြီ။ ရှင်းပလား ... (ရှင်းပါပြီ)။ ဟော အပင်ပေါက်ပြန်ပြီဗျ ... (ဒုက္ခသစ္စာပါဘုရား)။ ဒီအပင်ကြီးက တစ်ခါမျိုးစေ့ ပြန်ကျပြန်ပြီ သီးပွင့်ပြီးတော့ ... (မှန်ပါ့ဘုရား)။ ဘာသစ္စာတုန်း (သမုဒယသစ္စာပါဘုရား)။ ဒါဖြင့် ဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက်ပြန်ပြီ ... (မှန်ပါ့ဘုရား)။ ဒုက္ခသစ္စာမပေါက်သေးဘူး လား ... (ပေါက်ပါတယ်ဘုရား)။ အဲ ... ဒုက္ခသစ္စာအပင်ကြီး မျိုးစေ့ပြန်ကျတာ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဉစ္စာက အဆိပ်မျိုးစေ့ကြောင့် အဆိပ်ပင် ဖြစ်၊ အဆိပ်ပင်ကြောင့် အဆိပ်မျိုးစေ့ပြန်ကျ၊ ပြန်ကျပြီးသကာလ ပြန်ပေါက်ဆိုတော့ ခင်ဗျားတို့ အန္တရာယ်ကင်းတဲ့ ဘေးရှင်းတဲ့ဘဝ ပြောကြစမ်းပါ ... (မရှိပါဘုရား)။ ရှေးက ရှေးက ရှိကြရဲ့ လား ... (မရှိပါဘုရား)။ ကောင်းကောင်းသဘောကျပလား ... (ကျပါပြီ)။

## ဖြတ်လမ်း၊ ပရိယတ်ကအခြေခံ၊ ပဋိပတ်က အညွန့်ဖူး

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေသည်တဲ့။ ခုလို ဆရာကောင်း သမားကောင်း သာသနာတွင်း ဒီပရိယတ်အားထုတ်

နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဒါတွေက ဆောင်တော့မှ သူတို့ ဆောင်လာတဲ့သဘောနဲ့ ဘုန်းကြီးတို့ကလည်း ပရိယတ်သမား ဖြစ်နေတော့။ ဟ ... ဒါဖြင့် တို့ ဒကာ၊ ဒကာမတွေ ဖြတ်လမ်းပြမှ တော်မယ်။ ဒါ ပရိယတ်ကလာတာ ရိပ်မိကြပလား ... (ရိပ်မိပါပြီ ဘုရား)။

ဘယ်က လာတာတုန်း ... (ပရိယတ်က လာတာပါ ဘုရား)။ သင်မထားလို့ရှိရင် ဒါပြောနိုင်ပါ့မလား ... (မပြောနိုင်ပါ ဘုရား)။ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ရန်ကုန် ဒကာ၊ ဒကာမတွေ ဘုန်းကြီးတို့လည်း အရင်းတွေပေါ့ဗျာ။ ဒါတွေ သိပြီးသားတွေပဲ။

ပရိယတ်ကိုဖြင့် အားပေးမလျှော့ပါနဲ့ ... (မှန်ပါ့)။ အားပေးလျှော့လိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကျင့်စရာ လမ်းပေါက်ကို ဟောမည့် ပုဂ္ဂိုလ်ရှိသေးရဲ့လား ... (မရှိပါဘုရား)။

အဲဒီကဲ့သို့ မရှိလို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ စုံလုံးကန်းမွေးပြီး စုံလုံးကန်းသေမယ်လို့သာ စိတ်ကူး။ ရိပ်မိပလား ... (ရိပ်မိပါပြီ ဘုရား)။ မွေးတုန်းက ဘာမွေးမယ် ... (စုံလုံးကန်းပါဘုရား)။ သေသွားတော့ ... (စုံလုံးကန်းသေပါတယ်ဘုရား)။ ဒါဖြင့် အကန်း လေးမွေး အကန်းလေးသေတော့ ခင်ဗျားတို့ မသာဖိတ်စာ အကန်းမသာ ကြွတော်မူပါဖိတ်။

ဒီပရိယတ်သာ ကွယ်သွားရင် ဒီအတိုင်းလာမှာပဲ ... (မှန်ပါ့) မလာဘူးလား။ လာမလား ... (လာပါမယ်ဘုရား)။ သဘော

ပါကြပလား ... (ပါ,ပါပြီဘုရား)။ ဒါဖြင့် အခြေဟာ ဘယ်သူတုန်း ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ပရိယတ်က အခြေခံ ပဋိပတ်က အညွှန့်ချူးပြီး စကား ပြောတာ ရိပ်မိကြပလား ... (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ဒီက ဆရာတော်တွေ သမားတော်တွေကော ဘုန်းကြီးထက် ငယ်တဲ့ပုဂ္ဂိုလ်တွေကော ဒါကို မလျှော့ကြပါနဲ့။ ကိုယ့်ကန်ပေါင်ကြီး ကိုယ်မချိုးကြပါနဲ့လို့ ခုနက ဆရာတော်တွေကို ချီးမြှောက်ရသေးတယ်နော် ... (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတို့ ဒါဖြင့် ထွက်ပေါက်ကို ပြပါတော့မယ် နော် ... (မှန်ပါ့ဘုရား)။ ဒါ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါ ဘုရား)။ အခုရထားတဲ့ ခန္ဓာငါးပါးဟာ ... (ဒုက္ခသစ္စာပါဘုရား)။ ဘယ်ကာလပါလိမ့် ... (ပစ္စုပ္ပန်ကာလပါဘုရား)။

## မိုက်ခဲ့လို့ မိုက်ကျိုးခံစားနေရ

ဒါဖြင့် အခုတရားနာနေတာဟာ ဒီအကွက်ထဲ ရောက်နေ တယ်၊ မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား)၊ တရားနာနေ တာသည် ၁ ကွက်မှာလား၊ ၂ ကွက်မှာလား ... (၂ ကွက်မှာပါ ဘုရား)။ ၁ အကွက်မှာ မိုက်လို့ပြီးခဲ့ပြီ၊ ယခု မိုက်ကျိုးခံစားနေရတာ၊ သဘောပါပလား ... (ပါ,ပါပြီဘုရား)။ ယခု ဘာခံစားနေရတာ လဲ ... (မိုက်ကျိုးခံစားနေရပါတယ်ဘုရား)။ မိုက်ကျိုးခံစားနေရတော့

မိုက်တာမှ မိုက်မှန်းမသိလို့ရှိရင်ဖြင့် လူလိမ္မာဆိုလို့ ဖြစ်ပါ့မလား ... (မဖြစ်ပါဘုရား)။

မိုက်တာမိုက်မှန်းသိရင် လူလိမ္မာ၊ မိုက်တာကို လူလိမ္မာထင်နေရင် မိုက်သထက် မိုက်တယ်လို့ ဓမ္မပဒပါဠိတော်မှာ သေသေချာချာ လာတယ် ... (မှန်ပါ့)။ မလာဘူးလား ... (လာပါတယ်ဘုရား)။

ကဲ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ထွက်ပေါက်ကိုပြရင်ကောင်းပြီထင်တယ်။ လည်တာတော့ ခင်ဗျားတို့စာထဲမှာ လည်တတ်တာလား။ ကိုယ့်ကိုယ်တိုင် လည်တတ်တာလား ... (ကိုယ့်ကိုယ်တိုင် လည်တတ်တာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးသင်စရာမလိုဘူး။ ဒါတွေတော့ တပည့်တော်တို့က ဝခဲ့ပြီ။ ရိပ်မိပလား ... (ရိပ်မိပါပြီ)။ ကဲ ... ဒါတွေဝလို့ရှိရင်ဖြင့် ကိုယ်ဝတဲ့ဥစ္စာဟာလည်း ဒုက္ခနဲ့သမုဒယ လည်တော့ကောင်းသေးရဲ့လား ... (မကောင်းပါဘုရား)။ သမုဒယက မီး၊ ဒုက္ခကထင်း၊ ထင်းနဲ့မီးလောင်ပြီး လည်နေတာ၊ သဘောပါပလား ... (ပါ,ပါတယ်ဘုရား)။

ထင်းနဲ့မီး ... (လောင်ပြီးလည်နေပါတယ်ဘုရား)။ စဉ်းစားကြည့်ပါတဲ့ ခင်ဗျားတို့၊ ခန္ဓာကိုယ်ထဲက မနက်ဖြန် သိမ်ကြီးဈေးသွားမယ်ဆိုတော့ ဘာလုပ်ဖို့သွားမှာတုန်းမေးလိုက်တော့ ငွေရချင်လို့ပေါ့

ဘုရားဆိုတော့ ငွေရချင်တာက တဏှာ၊ သမုဒယသစ္စာဟုတ်လား ... (မှန်ပါ့)။

## ခန္ဓာကိုယ်ကြီးက တဏှာခိုင်းတဲ့ဆီသွားနေရတာ

ခန္ဓာကိုယ်ကြီး တဏှာခိုင်းတဲ့ဆီ မသွားရဘူးလား၊ သွားရမလား ... (သွားရပါမယ်ဘုရား)။ သွားရတော့ ကိလေသာမီးလောင်လို့ အပြေးအလွှားသွားကြတာ၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်သွားဦးမယ်၊ သမီးဆီသွားဦးမယ်၊ သားဆီသွားဦးမယ်ဆိုတာလည်း ဒကာ၊ ဒကာမတို့ ဘာဖြစ်လို့ သွားတာပါလိမ့် ... (ကိလေသာမီးလောင်လို့ပါဘုရား)။ လောင်ရင်းသွားတာ ... (မှန်ပါ့)။ လောင်လို့သွားတာ ... (မှန်ပါ့)။ အိမ်စိတ်မချလို့ ပြန်လာတော့ ရိုးရိုးပြန်လာတာလား၊ လောင်ပြီးပြန်လာတာလား ... (လောင်ပြီးပြန်တာပါဘုရား)။ အို ... စိတ်မချလို့ ပြန်ပါတယ်ဆိုတော့ ဒေါသမီး လောင်ပြန်တာ ... (မှန်ပါ့)။ ဟိုသူနဲ့တွေ့ချင်တယ်လို့ သွားတာကဖြင့် လောဘမီးလောင်ပြီးသွားတာ ... (မှန်ပါ့ဘုရား)။

အဲဒီတော့ကိုတဲ့ မီးမပါလို့ရှိရင်လည်း ဒီအကြောင်းအကျိုးဟာ မလည်လို့ ခဏတရားရပ်ထားတယ်နော် ... (မှန်ပါ့)။ ယခု ဒကာ၊ ဒကာမတို့ ၁ ကွက်မှာနေသလား၊ ၂ ကွက်မှာနေ

သလား ... (၂ ကွက်မှာနေပါတယ်ဘုရား)။ ဘာသစ္စာနဲ့ နေကြပါ လိမ့် ... (ဒုက္ခသစ္စာနဲ့ နေပါတယ်ဘုရား)။

## ဘာပေါ်ပေါ် ဒုက္ခသစ္စာ၊ ပေါ်ရာကိုသိအောင်လုပ်

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာထဲ ဘာပေါ်ပေါ် ခန္ဓာထဲက ရုပ်ပေါ်လည်း ဒုက္ခသစ္စာပေါ်မှာပဲ။ နာမ်ပေါ်ရင်ကော ... (ဒုက္ခသစ္စာပေါ်ပါတယ်)။ ဝေဒနာပေါ်ရင်ကော ... (ဒုက္ခသစ္စာပေါ်ပါတယ်)။ ဖဿပေါ်ရင်ကော ... (ဒုက္ခသစ္စာပေါ်ပါတယ်)။ စိတ်ကလေးပေါ်နေတာကော ... (ဒုက္ခသစ္စာပေါ်ပါတယ်)။

ဩော် ... ဒါဖြင့် ပေါ်ရာကို သိအောင်လုပ်ရလိမ့်မယ်။ ဒကာ၊ ဒကာမတို့ပေါ်တာကို ... (သိအောင်လုပ်ရမှာပါဘုရား)။ သိအောင်လုပ်တော့မယ်ဆိုတော့ ဒကာ၊ ဒကာမတို့ သောတာပန်တည်ချင်ကြတဲ့ ဒကာ၊ ဒကာမတွေ ဒီအထဲမပါဘူးလား ... (ပါ,ပါတယ်ဘုရား)။

သောတာပန်တည်မှ အပါယ်လေးပါး တံခါးပိတ်မယ် ... (မှန်ပါ့)။ သောတာပန်မတည်ဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်ကြပါ့မလား ... (မဖြစ်နိုင်ပါဘုရား)၊

## သောတာပန်တည်ချင်ရင် စိတ္တာနုပဿနာရှုပါ

ဒါဖြင့် သောတာပန်တည်ချင်ရင် စိတ္တာနုပဿနာရှုပါ ... (မှန်ပါ့ဘုရား)။ ဒကာ၊ ဒကာမတို့ ဆုံးမလိုက်ပြီ။ သောတာပန်တည်ချင်ရင် ဘာလုပ်ရမယ် ... (စိတ္တာနုပဿနာရှုရမှာပါဘုရား)။ ရှင်းပြီနော် ... (မှန်ပါ့)။

သောတာပန်ဆိုတာ ဒိဋ္ဌိသတ်တာ ... (မှန်ပါ့)။ ဒိဋ္ဌိသတ်မှ သောတာပန်ဖြစ်နိုင်တယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။ ဒိဋ္ဌိကို သတ်ရမယ်၊ တဏှာကိုသတ်ဖို့ မလိုသေးပါဘူး ... (မှန်ပါ့)။

သမ္မောဟဝိနောဒနီအဋ္ဌကထာမှာ ဒီအတိုင်းပါလာတယ်။ ဒါဖြင့် ဒကာ၊ ဒကာမတို့ စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။ ဒိဋ္ဌိက ဘယ်ပေါ်မှာ အများဆုံးလဲ ... (စိတ်ပေါ်မှာ အများဆုံးပါဘုရား)။ စိတ်ပေါ်မှာ အများဆုံးဆိုတော့ သေချာပလား ... (သေချာပါတယ်)။ စဉ်းစားကြည့်ပါ။ ငါကြားတယ်ဆိုတော့ ကြားစိတ်ကို ငါလို့ မစွဲဘူးလား ... (စွဲပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိပဲ ... (မှန်ပါ့)။ ငါစားနေတယ်ဆိုတော့ စားစိတ်ကို ငါမထင်ဘူးလား ... (ထင်ပါတယ်ဘုရား)။ ဒါဖြင့် စားတဲ့စိတ်ကို ငါထင်သောကြောင့် စိတ်ပေါ်မှာ ဒိဋ္ဌိများတယ်၊ ငါမြင်တယ်ဆိုတော့ မြင်စိတ်ပေါ်မှာ ငါမပါဘူးလား ... (ပါ့ပါတယ်ဘုရား)။

မြင်စိတ်ကို ဘာစွဲသတုန်း ... (ငါစွဲပါတယ်ဘုရား)။ ငါစွဲရင် ဒိဋ္ဌိပဲဆိုတာ သေချာပလား ... (သေချာပါတယ်ဘုရား)။ ငါ့အကြံအစည်ဆိုပြန်တော့ကော ကြံစည်တဲ့စိတ်တွေကို ဝိတက်စိတ်တွေကို ဝိတက်နဲ့တကွ သဟာဇာတဖြစ်တဲ့စိတ်တွေကို ငါမစွဲကြဘူးလား ... (စွဲပါတယ်ဘုရား)။ ဒါဖြင့် သောတာပန်ဖြစ်ခြင်းအကြောင်းမှာ ဒိဋ္ဌိဖြုတ်မှဖြစ်ပါတယ် ... (မှန်ပါ့)။

ဒါဖြင့် စိတ်ကြောင့် ဒိဋ္ဌိဖြစ်တော့ စိတ်ကို ဝိပဿနာရှုရလိမ့်မယ် ... (မှန်ပါ့ဘုရား)။ ဒကာ၊ ဒကာမတို့ ဘယ်ဟာဝိပဿနာရှုရမယ် ... (စိတ်ကို ဝိပဿနာရှုရပါမယ်ဘုရား)။

ဘယ်စိတ်ကို တပည့်တော်တို့ ရှုမှာတုန်းလို့ ဒကာ၊ ဒကာမတွေက မေးလို့ရှိရင်ဖြင့် ခင်ဗျားတို့ ပုထုဇဉ်တွေ ဖြစ်သောကြောင့် ခင်ဗျားတို့သန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စိတ်သုံးခုဟာ မရှိဘူးလား ... (ရှိပါတယ်ဘုရား)။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ နာစိတ်တွေကော မရှိဘူးလား ... (ရှိပါတယ်ဘုရား)။

အလောဘဆိုတဲ့ ပေးချင်မှု၊ ကမ်းချင်မှုကော ... (ရှိပါတယ်ဘုရား)။ အဒေါသဆိုတဲ့ မေတ္တာစိတ်တွေကော ... (ရှိပါတယ်ဘုရား)။ အမောဟဆိုတဲ့ တစ်ခါတလေ သိတဲ့ပညာကလေးကော ... (ရှိပါတယ်ဘုရား)။ ရှုတဲ့စိတ်၊ ရှိုက်တဲ့စိတ်ကော ... (ရှိပါတယ်ဘုရား)။ အဲဒီစိတ်တွေကို ရှုတော့၊ ဒီပြင်ဟာ ဘာမှမရှုနဲ့။

ဘာကြောင့် ဒါကလေး ပြောရပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့ ဟို စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဘုရားဟောထားတာ က အရိယာတွေပါ ဟောထားတာ ... (မှန်ပါ့)။ ဒီအထဲ အရိယာများ ပါသလား ... (မပါ,ပါဘုရား)။ ရိုးရိုးပြောပါ။ ခင်ဗျားတို့က လေပျော့ နေတာ။ အရိယာပါသလိုလို ဘာလိုလိုနဲ့။ ပါကြရဲ့လား ... (မပါ, ပါဘုရား)။ မပါတော့ ပုထုဇဉ်တွေပေါ့ဗျာ ... (မှန်လှပါဘုရား)။

အဲ ... ပုထုဇဉ်ဖြင့် ပုထုဇဉ်စိတ်ပဲ ရှိရမယ်။ သောတာပန် သန္တာန်ဖြစ်တဲ့စိတ် မရှိနဲ့။ သကဒါဂါမ်သန္တာန်ဖြစ်တဲ့စိတ် ကော ... (မရှိရပါဘုရား)။ ရဟန္တာသန္တာန်ဖြစ်တဲ့စိတ်ကော ... (မရှိရပါဘုရား)။

## ကိုယ့်စိတ်ကိုယ်ရှုပါ

ဒါဖြင့် ကိုယ့်စိတ်ကိုယ်ရှု ... (မှန်ပါ့ဘုရား)။ ပေါ်ကြ ပလား ... (ပေါ်ပါပြီဘုရား)။ ဘာတဲ့တုန်း ... (ကိုယ့်စိတ်ကိုယ်ရှုရ မှာပါ ဘုရား)။ ကိုယ့်စိတ်တော့ ကိုယ်မရှုတတ်တဲ့ ပုဂ္ဂိုလ်များပါသေး သလား ... (မပါ,ပါဘုရား)။

ဟုတ်ရဲ့လား၊ ခင်ဗျားတို့ သေသေချာချာ စဉ်းစားလည်း ပြောကြပါ။ ကိုယ့်စိတ်ကို ကိုယ်မရှုလို့ နိဗ္ဗာန်မရောက်တာ ... (မှန်လှပါဘုရား)။ ကိုယ့်စိတ်ကိုယ်ရှုရင် ... (နိဗ္ဗာန်ရောက်မှာပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့ စိတ်ကလည်း ပုဂ္ဂိုလ် စိတ်ရဆိုလို့ရှိရင်ဖြင့် ၄၅ပါးထက် ပိုမဖြစ်ပါဘူး ... (မှန်ပါ့)။ ၄၅ ဆိုတော့ ခင်ဗျားတို့ ဒီအရွယ် ခေါင်းဖြူစွယ်ကျိုးမှ သကြိုဟ် လာတတ် နေရဦးမယ် ဟုတ်ပါလား ... (မှန်ပါ့ဘုရား)။

အဲဒီတော့ တပည့်တော်တို့ ဘုရား ... မြန်မြန်သာ ပို့ပါတော့ဆိုတော့ ကိုယ့်စိတ်ကိုယ်ရှု ... (မှန်ပါ့)။ သဘောပါကြ ပလား ... (ပါ, ပါပြီဘုရား)။ ဘာတဲ့တုန်း ... (ကိုယ့်စိတ်ကိုယ်ရှု ရမှာပါ ဘုရား)။

လောဘလာလို့ရှိရင်လည်း လောဘကို ဖြစ်ပျက်ရှု၊ ဒေါသလာရင်ကော ... (ဒေါသကို ဖြစ်ပျက်ရှုရပါမယ်)။ မောဟ လာရင်ကော ... (မောဟကို ဖြစ်ပျက်ရှုရမယ်)။ လှူချင်တန်းချင်တဲ့ စိတ်ကလေး လာရင်ကော ... (ဖြစ်ပျက်ရှုရပါမယ်) မေတ္တာထားတဲ့ စိတ်ကလေးလာရင်ကော ... (ဖြစ်ပျက်ရှုရပါမယ်)။

ခင်ဗျားတို့ မေတ္တာထားပါတယ်တော့ ပြောတတ်တယ်။ မေတ္တာစိတ်ကလေး ဖြစ်ပျက်ရှုပါဆိုတော့ အို ... မေတ္တာ ပျက်သွား မှာစိုးလို့ မရှုတော့ဘူးလား၊ အတော်ဆိုးတဲ့ ဒကာ၊ ဒကာမတွေနော်။

## မြင်စိတ်ကိုဖြစ်ပြီးပျက်တယ်လို့ ဉာဏ်ကလေးနဲ့ သိပေး

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဟောဒါ မနာယတန ဆိုတာ စိတ်ပါပဲနော် ... (မှန်ပါ့)။ ဒါ ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့ မြင်စိတ်ပေါ်ရင်လည်း ဒီကနေကြည့်၊ မြင်စိတ်ကို ဖြစ်ပြီးပျက်တယ်လို့ ဉာဏ်ကလေးနဲ့ သိပေးစမ်း၊ သဘောကျပလား ... (မှန်ပါ့၊ ကျပါ တယ်ဘုရား)။

မြင်စိတ်က ဖြစ်ပျက်ဆိုတော့ သိတာက မဂ် ... (မှန်ပါ့)။ ရှင်းပလား ... (မှန်ပါ့)။ မြင်စိတ်က ခင်ဗျားတို့ မြင်ပြီး မပျက်ဘူးလား ... (ပျက်ပါတယ်ဘုရား)။ အဲဒါကလေးသိအောင် လုပ်တာက ဘာဆိုမယ် ... (မဂ်ပါဘုရား)။ ဒါဖြင့် ဖြစ်ပျက်မဂ်၊ သဘောပါပလား ... (ပါ,ပါတယ်ဘုရား)။ ဒီနေရာမဂ်ဖြစ်တော့ ဒီအနိကြောင်းကလေး ဘာဖြစ်သွားသလဲ ... (ပြတ်သွားပါတယ် ဘုရား)။

ဒါဖြင့် ပြတ်သွားလို့ရှိရင် ဒီတဏှာနဲ့ ဒီစိတ်နဲ့ ဆက်မိသေး ရဲ့လား ... (မဆက်မိပါ)။

ဝိညာဏပစ္စယာတဏှာ ဖြစ်သေးရဲ့လား ... (မဖြစ်ပါ ဘုရား)။

ဖဿပစ္စယာတဏှာ ဖြစ်သေးရဲ့လား ... (မဖြစ်ပါဘုရား)။

ဝေဒနာပစ္စယာတဏှာ ဖြစ်သေးရဲ့လား ... (မဖြစ်ပါ)၊ ဒါ စာမို့ ရေးထားတာ။

# ဝေဒနာရယ်၊ ဖဿရယ်၊ စိတ်ရယ်တစ်ပြိုင်တည်းဖြစ်တယ်

သူတို့က ဝေဒနာရယ်၊ ဖဿရယ်၊ စိတ်ရယ် တစ်ပြိုင်နက်ဖြစ်တာ၊ သဟဇာတတွေနော် ... (မှန်ပါ့)။ စိတ်ကို ဖဿကလည်း စိတ်တစ်ခုယုတ် ကိုးဆယ်ယှဉ်တယ်။ ဝေဒနာကော ... (စိတ်တစ်ခုယုတ်ကိုးဆယ်ယှဉ်ပါတယ်)။ ယှဉ်နေတော့ ဒီတွင်ရောလျက်ကြီး မနေဘူးလား ... (နေပါတယ်ဘုရား)။

ဒါဖြင့် သူတို့ အထူးပြုစရာလိုသေးလား ... (မလိုပါ)၊ သူ့ကော ... (မလိုပါဘုရား)။ မလိုတော့ ပေါ်တဲ့စိတ်၊ မြင်စိတ်လာရင် မြင်စိတ်သည် ဖြစ်ပြီးပျက်သည်လို့ ဒီကနေဉာဏ်က ရှုပေး၊ သဘောပါပလား ... (ပါ,ပါတယ်ဘုရား)၊ ဒါဖြင့် မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက ... (မဂ်ပါဘုရား)။ သေတာက သမုဒယ၊ ဒီသမုဒယသစ္စာလာသေးရဲ့လား ... (မလာပါ)။ ဒီသမုဒယသစ္စာ မလာလို့ရှိရင် ဒီဒုက္ခသစ္စာကော ... (မလာပါဘုရား)။

ဒါဖြင့် ဒီဘက်မှာ ဒကာ၊ ဒကာမတို့ တဏှာ နိရောဓော နိဗ္ဗာနံ သမုဒယသစ္စာချုပ်တာလည်း နိဗ္ဗာန်ပဲ၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။ ဒုက္ခသစ္စာချုပ်တာကော ... (နိဗ္ဗာန်ပါဘုရား)။

ဟာ ... ဘယ့်နှယ်ကြောင့် ရပါလိမ့်မတုန်းဆိုတော့ ဒီမှာ မဂ်ဝင်လိုက်လို့ပဲ ... (မဂ်ဝင်လို့ပါ)။ ပေါ်ကြပလား ... (ပေါ်ပါပြီ

ဘုရား)။ ဒါက နည်းကို မြန်မြန်လွယ်လွယ်ပြတာလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့)။

တကယ် မဂ်စစ်လားလို့မေးတော့ ပွားတဲ့ ဝိပဿနာမဂ်ပဲ ရှိသေးတယ်။ နောက်ကျတော့ "မဂ္ဂါဘိညာသကိ မတာ" ဆိုတာက သူ့ရင့်လာလို့ရှိရင် လောကုတ္တရာမဂ်လာမယ်။ မလာပေဘူးလား ... (လာပါတယ်ဘုရား)။ ဒါက ပွားတဲ့မဂ်။

နောက်ကျတော့ ဒကာ၊ ဒကာမတွေ ဒိဋ္ဌိဝိစိကိစ္ဆာသတ်တဲ့ မဂ်က လာလိမ့်ဦးမယ်။ မလာပေဘူးလား ... (လာပါတယ်ဘုရား)။ လာရင် ဘယ်နေရာလာမယ်၊ ဒီအစပ်ကို ဖြတ်မှာပဲ။ ရှင်းပလား ... (မှန်ပါ့ဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကို ထောက်၍ပြသည်)။

## မပွားလို့ရှိရင် ဝေဒနာပစ္စယာ တဏှာစပ်မယ်

မပွားလို့ရှိရင် ဝေဒနာပစ္စယာ တဏှာဆိုပြီး စပ်ပါတယ်လို့ ပြောလိုက်တယ်။ မစပ်ဘူးလား ... (စပ်ပါတယ်ဘုရား)။

တဏှာပစ္စယာ ... (ဥပါဒါန်ပါဘုရား)။

ဥပါဒါနပစ္စယာ ... (ကမ္မဘဝပါဘုရား)။

ကမ္မဘဝပစ္စယာ ... (ဇာတိပါဘုရား)။

ဇာတိပစ္စယာ ... (ဇရာ မရဏပါဘုရား)။

ဇရာ မရဏရှိတဲ့ ပုဂ္ဂိုလ်ဟာတဲ့၊ သေခါနီးမှ သောကပရိဒေဝ မလာဘူးလား ... (လာပါတယ်ဘုရား)။

အဲဒီ သောက ပရိဒေဝဆိုတာ အာသဝတွေကို ဆိုပါတယ်။

အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယောဆိုတော့ ပတ်မသွားဘူးလား ... (ပတ်သွားပါတယ်ဘုရား)။ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မပတ်ချင် ဘာလုပ်ရမတုန်း။ ဒီစိတ်ကို ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ ဒါဖြင့် စိတ်ကဖြစ်ပျက်၊ ရှုတာက ... (မဂ်ပါဘုရား)။ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။ ဒါဖြင့် သူက ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ မဂ်ကလေးက ဘာသစ္စာတုန်း ... (မဂ္ဂသစ္စာပါဘုရား)။

## ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ကြည့်

အဲ ... ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ကြည့်။ သဘောပါပလား ... (ပါ,ပါပြီဘုရား)။ ဒုက္ခသစ္စာကို ... (မဂ္ဂသစ္စာနဲ့ ကြည့်ရပါမယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာဖြစ်ရမတုန်းဆိုတော့ ဒီကြည့်ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

(စက်ဝိုင်းကိုထောက်၍ပြသည်)။

ဒီထဲပေါ်သရွေ့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ မရှင်းသေးဘူးလား ... (ရှင်းပါပြီဘုရား)။ အင်မတန်ရှင်းသွားပြီဆိုတာ ဒကာ၊ ဒကာမတွေ သေချာပလား ... (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီစိတ်ကဖြစ်ပျက်ရှုတာက ... (မဂ်ပါဘုရား)။

သေတာက သမုဒယ၊ သဘောကျပလား ... (ကျပါပြီ)။ နောက်ထပ်မလာတာက ... (ဒုက္ခသိမ်းတာ)။ ဒုက္ခသိမ်းတာ မဟုတ်လား ... (မှန်ပါ့)။ ဒါဖြင့် တဏှာသိမ်း နိဗ္ဗာန်၊ ဒုက္ခငြိမ်းကော ... (နိဗ္ဗာန်ပါ)။

ဪ ... နိဗ္ဗာန်က ဒီနှစ်ကွက်ပြတ်သွားရင် ပြီးတာပဲ၊ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဒီဒကာ၊ ဒကာမတွေမှာ ထွက်လမ်းတွေ့ပလားလို့ မေးရင် ... (တွေ့ပါပြီဘုရား)။ ဪ ... ခင်ဗျားတို့ကသာ တွေ့နေတယ်။ ဒီမှာကြည့်ဦး။ ဒီအစပ်ပြတ်မှတွေ့တယ် ... (မှန်ပါ့)။

(စက်ဝိုင်းကို ထောက်ပြသည်)။

ဒီအစပ်မပြတ်ရင် ... (မတွေ့ပါဘုရား)။ ဟောဒီ အနီကြောင်းကလေး မတွေ့ဘူးလား ... (တွေ့ပါတယ်ဘုရား)။ အဲဒီတော့ အနီကြောင်းကလေးက ဒီဘက်ကို မစပ်ဘူးတဲ့ ...။

## စိတ်ချုပ်တာမြင်ရင် ထွက်လမ်း

ဒကာ၊ ဒကာမတို့ "စိတ္တနိရောဓာ တဏှာနိရောဓော" ဖြစ်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း၊ စိတ်ချုပ်တာမြင်ရင် ထွက်လမ်းပဲ။ သဘောကျပလား ... (သဘောကျပါပြီဘုရား)။ စိတ်ချုပ်တာမြင်ရင် ... (ထွက်လမ်းပါဘုရား)။ စိတ်ချုပ်တာက ဘာသစ္စာ၊

ဒုက္ခသစ္စာ ... (မှန်ပါ့)။ မြင်တာက ... (မဂ္ဂသစ္စာပါဘုရား)။ ဒါဖြင့် ဒီနေရာမင်္ဂပေါ်တော့ ဒီမင်္ဂက ဒီဒကာ၊ ဒကာမတို့ ဒီဘက် ထွက်မသွားဘူးလား ... (ထွက်သွားပါတယ်ဘုရား)။

ဒီဘက်ဆက်ပေးသေးသလား ... (မဆက်ပါဘုရား)။ ဖြတ်ပေးတယ် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။ ဖြတ်တော့ ဒီဘက်မထွက်ဘူးလား ... (ထွက်ပါတယ်ဘုရား)။ ထွက်တော့ကို "စိတ္တနိရောဓာတဏှာနိရောဓော" ပဋိစ္စသမုပ္ပာဒ် ထွက်လမ်း၊ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ဩော် ... ဒါဖြင့် အဝိုင်းပြေး ပြေးသလား ... ထွက်သွား ပလား ... (ထွက်သွားပါပြီဘုရား)။ သဘောပါကြပလား ... (ပါ,ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မြင်စိတ်ကလေးလာရင် ဘာလုပ် မယ် ... (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုပေးနော် ... (မှန်ပါ့)။ ဉဒယဗ္ဗယကို မိအောင်ရှု၊ မြင်စိတ်ကလေးလာရင် ... (ဖြစ်ပျက်ရှုရပါ မယ်)။

# လောကီမဂ္ဂင်ငါးပါးနှင့်ရှု

ဘာနဲ့ရှုမယ် ... (မင်္ဂကလေးနဲ့ရှုပါမယ်)။ လောကီမဂ္ဂင် ငါးပါးနဲ့ ရှုလိုက်စမ်းပါ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ စာမှာလာတဲ့အတိုင်းပေါ့ဗျာ။ သမာဓိ

မဂ္ဂင်နဲ့ ပညာမဂ္ဂင်နှစ်ခုပေါင်းပြီး ရှုလိုက်စမ်းပါ။ သဘောပါပလား ... (ပါ,ပါပြီဘုရား)။

ဒါဖြင့် ကြားစိတ်ကလေးလာရင်လည်း ဘာလုပ်မယ် ... (ဖြစ်ပျက်ရှုရမှာပါ)။ ဒါဖြင့် ဖြစ်ပျက် ... မဂ် ... (မှန်ပါ)၊ သဘောကျပလား ... (ကျပါပြီ)။ နံ့စိတ်ကလေးလာရင်ကော ... (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက် ... မဂ်မဖြစ်ပေဘူးလား ... (ဖြစ်ပါတယ်ဘုရား)။

ကဲ ... ဒါဖြင့် စားစိတ်ကလေး လျှာပေါ်မှာ ပေါ်ပြီ ... (ဖြစ်ပျက်ရှုရပါမယ်)။ မဂ် ... မဖြစ်သေးဘူးလား ... (ဖြစ်ပါတယ်ဘုရား)။ သဘောပါပလား ... (ပါ,ပါတယ်)။ မလွယ်ဘူးလား ... (လွယ်ပါတယ်ဘုရား)။ မလုပ်ဖြစ်မှာပဲ စိုးရိမ်တယ်။

ဒကာ၊ ဒကာမတို့ တရားကတော့ ကေန်လွယ်တယ်။ သဘောပါပလား ... (ပါ,ပါပြီဘုရား)။ မလုပ်ဖြစ်မှာသာ စိုးရိမ်တယ်။ မလုပ်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ဘယ့်နှယ်ကြောင့် မလုပ်ဖြစ်ပါလိမ့်မလဲလို့ မေးလို့ရှိရင် အဝိုင်းပြေးချင်လို့သာမှတ်ပေတော့။ သဘောကျပလား ... (ကျပါပြီ)။ မလုပ်ဖြစ်တဲ့ပုဂ္ဂိုလ် ဘယ့်နှယ်ကြောင့်ပါလိမ့် ... (အဝိုင်းပြေးချင်လို့ပါဘုရား)။

အဝိုင်းပြေးချင်လို့ဆိုတော့ ခင်ဗျားတို့က ပုရွက်ဆိတ်ကလေးတစ်ကောင်သည် လင်ဗန်းပေါ် အဝိုင်းပြေးနေတဲ့အခါကျတော့

ခင်ဗျားတို့က မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါ ဩော် ... တိရစ္ဆာန်များ တယ်မိုက်ပါလား၊ အဝိုင်းသာလှည့်ပြေးနေတာပဲ ဆင်းတာမှ မဟုတ်ဘဲ။ ထွက်တာမှ မဟုတ်ဘဲဆိုပြီး မသနားကြဘူးလား ... (သနားပါတယ်ဘုရား)။ ကဲ့ရဲ့ကော မကဲ့ရဲ့ဘူးလား ... (ကဲ့ရဲ့ပါတယ်ဘုရား)။ တိရစ္ဆာန်ကိုး မသိရှာဘူး၊ သဘောပါပလား ... (ပါ,ပါတယ်)။ ခင်ဗျားတို့က ဘယ်လိုနေကြပါလိမ့် ... (အဝိုင်းပြေး ပြေးနေပါတယ်ဘုရား)။ အဝိုင်းကော မပြေးဘူးလား ... (ပြေးပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဘယ်လိုညည်းရမလဲ။ ပြောပါဦး။ ခင်ဗျားတို့ ဒီအဓိပ္ပာယ်မရဘူးလား ... (ရပါတယ်ဘုရား)။ သို့သော် မပြောပါဘူး အားနာတယ်။ ရှင်းပလား ... (ရှင်းပါပြီ)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ငါသည် လူ့တိရစ္ဆာန် တော့ မဖြစ်ပါရစေနဲ့ဆိုတဲ့ ဥစ္စာကို ထွက်ရပ်လမ်းရှာပါ။ ဒီကနေ ထွက်ပါ။

ဝေဒနာက တဏှာစပ်လို့ရှိရင် ဟော ... ဒီဘက်မှာတဲ့ ပဋိစ္စသမုပ္ပာဒ်လည်လမ်း၊ ဒီဘက်လည်လိမ့်မယ် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။ ဝေဒနာပစ္စယာတဏှာဆိုတော့ ပဋိစ္စသမုပ္ပာဒ် ဘာတဲ့တုန်း ... (လည်လမ်းပါဘုရား)။

အဲ ... ဒီကိုဆက်ရင် လည်လိမ့်မယ်တဲ့၊ ဒီကနေ ဒီပြန်ထွက် လို့ရှိရင် ဖြတ်လမ်း။

## ဝေဒနာနှင့်တဏှာကြား ဘုရားဖြစ်

ဒကာ၊ ဒကာမတို့ ဘုရားသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာဖြစ်သလား ... ဝေဒနာနဲ့ တဏှာကြားမှာဖြစ်သလား ... (ဝေဒနာနဲ့ တဏှာကြားမှာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အိန္ဒိယသွားဖို့ မလိုပါဘူး။ ဒီနေရာတွင် ဖူး၊ ရိပ်မိပလား... (ရိပ်မိပါပြီ)။ ဟိုဟာက ပညတ်ပြောနေတာ၊ ပရမတ်က ဒီနေရာမှာဖြစ်တာ။ ဒီနေရာမှာ မဂ်ဉာဏ်ရတယ် ... (မှန်ပါ့)။ သဘောပါပလား ... (ပါ,ပါတယ်ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ရဲ့ (?) — ဒီပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်အကြောင်းနဲ့ မဆက်တဲ့နေရာမှာ ဘုရားဖြစ်ပါတယ် ... (မှန်ပါ့)။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဘုရားဘယ်နေရာမှာဖြစ်သတုန်း ... (ဝေဒနာနဲ့တဏှာကြားမှာ)၊ သောတာပန်ဘယ်နေရာမှာ ဖြစ်သတုန်း ... (ဝေဒနာနဲ့ တဏှာကြားမှာ)သကဒါဂါမ်ဘယ်နေရာမှာဖြစ်သတုန်း ... (ဝေဒနာနဲ့ တဏှာကြားမှာ) ဒီကြားမဂ်ပေါ်ရမှာပဲ။ သဘောပါပလား ... (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုရားဖြစ်တဲ့နေရာလည်း သိပြီနော်။ မသိကြသေးဘူးလား ... (သိပါပြီဘုရား)။ အိန္ဒိယမှာ ဖြစ်သလားတဲ့။ သူ့ဝမ်းထဲမှာဖြစ်သလား ... (သူ့ဝမ်းထဲမှာ ဖြစ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အိန္ဒြိယသွားပြီး ဘုရားဖူးနေလို့ ခက်နေတယ် ... (မှန်ပါ့)။ ကိုယ့်ဝမ်းထဲမှာလည်း ကိုယ့်သန္တာန် သောတာပန်ဖြစ်ချင်ရင် ဒီနေရာမှာ မဂ်ပေါ်ရမယ်။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

## မဂ်ဟာ ဝေဒနာနှင့်တဏှာကြားမှာပေါ်ရမှာ

မဂ်ဟာ တခြားနေရာမှာ ပေါ်ရမှာလား။ ဝေဒနာနဲ့ တဏှာကြားပေါ်ရမှာလား ... (ဝေဒနာနဲ့ တဏှာကြားပေါ်ရမှာပါ ဘုရား)။ အဲ ... ဝေဒနာနဲ့ တဏှာ မဆက်လို့ရှိရင် မဂ်၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ယားစိတ်ကလေးလာရင်လည်း ဘာလုပ်ကြမလဲ ... (ဖြစ်ပျက်ရှုပါမယ်ဘုရား)။ ဖြစ်ပျက်ရှုတော့ ဒီကနေရှုရမှာ ... (မှန်ပါ့)။ ဒီကနေရှုတော့ ဒီဘက်အဆက်မပြတ်ဘူးလား ... (ပြတ်ပါတယ်ဘုရား)။ သဘောပါပလား ... (ပါပါပြီဘုရား)။

ဒါဖြင့် မဆက်တော့ဘူးဆိုတော့ ဒီဘက်မထွက်ဘူးလား၊ ထွက်သလား ... (ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် ထွက်လမ်း၊ သဘောပါပလား ... (ပါ့၊ပါတယ်)။ ပဋိစ္စသမုပ္ပာဒ်ထွက်လမ်းဆိုတာ နိဗ္ဗာန်ရောက်တာပြောပါတယ်။ အားလုံး သဘောပါကြပလား ... (ပါ့၊ပါတယ်ဘုရား)။

ကိုင်း … ဒကာ၊ ဒကာမတို့ ကိုယ်ပေါ်မှာ လေကလေး တိုက်တယ်။ အခု လူတွေကများတဲ့အထဲမှာ ဒိုက်တဲ့ဝေဒနာကလေး ချုပ်ပြီးသကာလ ချမ်းသာတဲ့ ဝေဒနာကလေးမပေါ်ဘူးလား … (ပေါ်ပါတယ်ဘုရား)။ အဲဒါ ဘာလုပ်ရမလဲ … (ဖြစ်ပျက်ရှုရပါမယ်)။ အဲ … ချမ်းသာတဲ့ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ကလေးလည်း ဘာလုပ်ရမလဲ … (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်၊ ဒီက ဘာဖြစ်မလဲ … (မဂ်ပါဘုရား)။ ဒီက ဟဒယဝတ္ထုပေါ်ကနေပြီး မဂ်နဲ့ရှုပါ။ သူက ကိုယ်ပေါ်မှာ ဖြစ်တာ။ သူက ဟဒယဝတ္ထုပေါ်မှာဖြစ်တာ။ ရှင်းပလား … (ရှင်းပါပြီ ဘုရား)။ သူက ဘယ်ပေါ်မှာဖြစ်သတုန်း … (ကိုယ်ပေါ်မှာ ဖြစ်ပါ တယ် ဘုရား)။ မဂ်က ဘယ်ပေါ်မှာဖြစ်သတုန်း … (ဟဒယဝတ္ထု ပေါ်မှာ ဖြစ်ပါတယ်)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဒီပဋိစ္စသမုပ္ပါဒ်ဆက်သေးရဲ့ လား … (မဆက်တော့ပါဘုရား)။ သူက ပဋိစ္စသမုပ္ပါဒ်၊ သူက ပဋိစ္စသမုပ္ပါဒ်ဆက်သေးရဲ့လား … (မဆက်တော့ပါဘုရား)။

မဆက်ရင် ဒီနေရာမှာ ပွားများပါ။ သေတာပန်တည်တဲ့ နေရာ၊ ဒကာ၊ ဒကာမတို့ ရိပ်မိပလား … (ရိပ်မိပါတယ်ဘုရား)။ သကဒါဂါမ်ကော … (ဒီနေရာမှာပါပဲဘုရား)။ အနာဂါမ်ကော … (ဒီနေရာမှာပဲဘုရား)။ ရဟန္တာကော … (ဒီနေရာမှာပဲဘုရား)။ ဘုရားကော … (ဒီနေရာမှာပါပဲဘုရား)။

ဒီနေရာ အရေးကြီးပါသလား ဒကာ၊ ဒကာမတို့ ... (မှန်ပါ့)။ မကြီးဘူးလား ... (ကြီးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို ကြုံတဲ့ အခါမှာ သတိပေးပါတယ်။ ခင်ဗျားတို့ကို တာရှည်ချီးမြှောက်ချင် ငြားသော်လည်း မရလို့။ ဪ ... ဒီနေရာမှာ တို့သောတာပန် တည်ချင်ရင် ဒီနေရာမဂ်ပေါ်ဖို့ အရေးကြီးတယ်။

## ဖြစ်ပျက်ကိုသိတာမဂ်

မဂ်ဆိုတာ ဒကာ၊ ဒကာမတို့ ဆုတောင်းယူရတာလား၊ ဖြစ်ပျက်ကို သိတာ မဂ်ခေါ်မလား ...(ဖြစ်ပျက်သိတာ မဂ်ခေါ်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏ ဘုရားလို့ ဘုရားရှေ့ လက်အုပ်ကလေးချီကာ အသနားခံနေကြ တယ် ... (မှန်ပါ့)။ အသနားမခံကြဘူးလား ... (ခံပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် ရှုရမှာလား။ ဘုရားကပေးမှာလား ... (ကိုယ့်ဟာကိုယ်ရှုရမှာပါဘုရား)။

နို့ ... ဘာဖြစ်လို့ သွားတောင်းနေသလဲ။ ကိုယ့်ဟာကိုယ် ရှုရမှာ သွားတောင်းနေတယ်။

ဒကာ၊ ဒကာမတို့ တပည့်တော်တို့ အမျိုးအရိုးကို တောင်း တတ်တဲ့အမျိုးဘုရား။ ဒီလိုများဆိုချင်သေးသလား ... (ဆိုရမှာပါ

ဘုရား) ဆိုတော့ ကိုယ့်ပါးစပ်ကတော့ ဆိုနေတာပေါ့ဗျာ။ ကိုယ့်ပါးစပ်က ဆိုလို့တော့ ရမှာမဟုတ်ဘူး ... (မှန်ပါ့ဘုရား)။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ကိုယ့်ပါးစပ်ကတော့ဖြင့် ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏ဘုရားဆိုပြီး ဆုတောင်းပြည့်ဘုရားမသွားဘူးလား ... (သွားပါတယ်ဘုရား)။ ဘုရားက ယူတော့လို့ ပေးလို့ နိဗ္ဗာန်ရပါရဲ့လား ... (မရပါဘုရား)။

ကိုယ့်ဟာကိုယ် ပဋိစ္စသမုပ္ပာဒ်ပြတ်မှ မဂ်ဉာဏ်ပေါ်မှ နိဗ္ဗာန်မြင်တယ်။ ဒါမှ "နိဗ္ဗာန်နံ့ မဂ္ဂသာ"ဖြစ်တယ်။ နို့မို့ရင် ဖြစ်နိုင်ပါ့မလား ... (မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် တောင်းယူရမှာလား။ လုပ်ယူရမှာလား ... (လုပ်ယူရမှာပါဘုရား)။

ဒီက ရှေ့ပြင်ကြပါဦး ဒကာ၊ ဒကာမတို့၊ ဘုရားတွေ့တိုင်းခင်ဗျားတို့က နိဗ္ဗာန်သနားတော်မူပါ။ နိဗ္ဗာန်ပေးတော်မူပါ ပြောဆိုတောင်းကြတဲ့အတွက် ပေးနိုင်ရဲ့လား ... (မပေးနိုင်ပါဘုရား)။

ပေးနိုင်ရင် ရာဟုလာကို ထမ်းခေါ်သွားတယ်။ နိဗ္ဗာန်ကိုရာဟုလောဝါဒသုတ်လို့ ဟောဖို့မလိုဘူး။ လိုသေးရဲ့လား ... (မလိုပါဘုရား)။ ရာဟုလာကျင့်ရမည့် သုတ်ဟောဖို့လိုသေးသလား ... (မလိုပါဘုရား)။

## ဘုရားက နိဗ္ဗာန်ရောက်ကြောင်း နည်းသာ ပေးနိုင်တာ

ဒါဖြင့် ဘုရားက နိဗ္ဗာန်ပေးနိုင်သလား၊ နည်းသာပေးနိုင်သလား ... (နည်းသာပေးနိုင်ပါတယ်ဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့က ဘုရားအမွေခံပြီး နည်းပေးနေပြီ။ ခင်ဗျားတို့က ဒီအတိုင်းလုပ်ရုံပဲ။ ရှင်းပလား ... (မှန်ပါ့)။

ကဲ ... ဝမ်းထဲလောဘစိတ်ကလေးပေါ်မယ်။ ဘာလုပ်ကြမလဲ ... (ဖြစ်ပျက်ရှုရပါမယ်)။

ဒီက ဖြစ်ပျက်ဆိုတော့ ဒီကမဂ်ဖြစ်မယ်။ သဘောကျပလား ... (ကျပါပြီဘုရား)။

ကောင်းပြီ ... ဒေါသစိတ်ကလေး ဒီမှာပေါ်မယ် ... (ဖြစ်ပျက်ပါ)။ ဒီတော့ ဘာနဲ့ရှုမယ် ... (မဂ်နဲ့ရှုရမှာပါ)။ ဖြစ်ပျက်နဲ့ မဂ်ကို ကိုက်သွားလို့ရှိရင် နိဗ္ဗာန်မရမရှိ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်သွားရင် ... (နိဗ္ဗာန်မရမရှိပါဘုရား)။

ဒီကြားထဲ ကိလေသာသာ မခြားစေနဲ့။ ညနေ အားထုတ်ရင် နံနက်ရတယ်။ ပဉ္စာသမှာ ဒီတိုင်းလာပါတယ် ဒကာ၊ ဒကာမတို့၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ညနေအားထုတ်ရင် နံနက်ရတယ်။ နံနက်အားထုတ်ရင် ညနေရတယ်။ ဗောဓိရာဇကုမာရမင်းသားလေးကို ဟောတယ်။ သဘောကျပလား ... (ကျပါပြီဘုရား)။

## နိဗ္ဗာန်က အနီးကလေး

အဲဒီတော့ နိဗ္ဗာန်ဝေးသလား နီးသလား ... (နီးပါတယ်ဘုရား)။ ဘာဖြစ်လို့ မရောက်ပါလိမ့်မတုန်းဆိုတော့ တပည့်တော်တို့က ဆက်,ဆက်ပစ်လိုက်တာပါဘုရား။ သဘောကျပလား ... (မှန်ပါ့)။ ဝေဒနာနဲ့ တဏှာနဲ့ကော ... (ဆက်ပစ်ပါတယ်ဘုရား)။ ဖဿနဲ့ တဏှာနဲ့ကော ... (ဆက်ပစ်ပါတယ်ဘုရား)။ စိတ်နဲ့တဏှာနဲ့ကော ... (ဆက်ပစ်ပါတယ်ဘုရား)။

ဩော် ... ခင်ဗျားတို့ကတော့ အဆက်ဝါသနာပါလိုက်တာ။ ရိပ်မိပလား ... (ရိပ်မိပါပြီ)။ ဒါကြောင့် နိဗ္ဗာန်မရတာ။

ဒီက ရှေ့အဖြတ်ဝါသနာပါမှ ရမယ် ... (မှန်ပါ့)။ သဘောပါကြပလား ... (ပါ,ပါပြီဘုရား)။ ဘာဝါသနာပါမှရမလဲ ... (အဖြတ်ဝါသနာပါမှရမယ်)။ ဖြတ်တတ်တဲ့ ဝါသနာပါမှ ရမယ်ဆိုတာ သဘောကျပလား ... (ကျပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝမ်းထဲမှာ ရှုစိတ်ကလေးပေါ်လာရင်လည်း ရှုစိတ်ကလေးလည်းဖြစ်ပြီး၊ ပျက်တာပဲလို့ မွှာရုံမို့ မနောဒွါရနဲ့ရှု။ သဘောကျပလား ... (ကျပါပြီ)။ အဲဒီတော့ ရှုစိတ်ကဖြစ်ပျက်၊ ရှုတာက ... (မဂ်ပါဘုရား)။ ရှိုက်စိတ်ကလေးလာရင် ရှိုက်စိတ်ကလေးက ဘာလုပ်ကြမယ် ... (ဖြစ်ပျက်ရှုရမယ်)။

ရှုတာက ဘာဖြစ်မယ် ... (မဂ်ဖြစ်ပါတယ်ဘုရား)။ ဒီက မပြတ်ဘူးလား ... (ပြတ်ပါတယ်ဘုရား)။ ပြတ်တော့ ၃ က ၄ ကူးသွားသေးရဲ့လား ... (မသွားပါဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကိုပြသည်)။

## ဒုက္ခနိရောဓနိဗ္ဗာန်

ဒါဖြင့် ၃ သည် သမုဒယသစ္စာချုပ်တယ်။ ၄ သည် ဒုက္ခ သစ္စာချုပ်တယ်။ ဟုတ်လား ... (မှန်ပါ့ဘုရား)။ ဒါဖြင့် တဏှာ နိရောဓနိဗ္ဗာန်၊ ဒုက္ခနိရောဓ နိဗ္ဗာန် ဟုတ်,မဟုတ် ... (ဟုတ်ပါ ဘယ်ဘုရား)။ သဘောပါကြပလား ... (ပါ,ပါပြီဘုရား)။

တဏှာနိရောဓ ... (နိဗ္ဗာန်ပါဘုရား)။

ဒုက္ခနိရောဓ ... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်က ဒီနှစ်ကွက်ရှိတာပဲ ... (မှန်ပါ့)။ ခင်ဗျားတို့ ဂ ဒီကနေဖြတ်လိုက်လို့ရှိရင် ဒီနှစ်ကွက်ပေါ်သေးရဲ့လား ... (မပေါ် ါဘုရား)။

ချုပ်တာသာလာတော့တယ်။ ပေါ်တာလာသေးရဲ့လား ... ၁လာပါဘုရား)။ ဒါဖြင့် နိဗ္ဗာန် ရ,မရ ... (ရပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ၊ ဒကာမတို့ ဖြတ်မှရမယ် ... ှန်ပါ့)။

သံသရာသည် ဆက်မှုရတယ် ... (မှန်ပါ)။ သဘောကျပလား ... (ကျပါပြီဘုရား)။ နိဗ္ဗာန်ကတော့... (ဖြတ်မှုရပါမယ်ဘုရား)။ သံသရာခရီးသည်ကတော့ ... (ဆက်မှုရပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဆက်ကြိုက်သလား၊ အဖြတ်ကြိုက်သလား ... (အဖြတ်ကြိုက်ပါတယ်ဘုရား)။ အို ... ပြောသာပြောနေတာ၊ ခင်ဗျားတို့က ဖြတ်ပါဆိုလို့ရှိရင်ဖြင့် ကြိုက်ကို မကြိုက်ဘူး။ ဒီဓားနဲ့ ဒီမျဉ်းနဲ့ဖြတ်ကြပါလားလို့ရှိရင် ကြိုက်ကြရဲ့လား ... (မကြိုက်ပါ)။

ဘာပြုလို့ မကြိုက်တာလဲ။ အဆက်ကြိုက်လို့ မကြိုက်တာ။ ဒါကြောင့် နိဗ္ဗာန်မရတာ။ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။ သူများပြောတာလား၊ ကိုယ့်အကြိုက်နဲ့ နိဗ္ဗာန်နဲ့ ကိုက်ရဲ့လား ... (ကိုယ့်အကြိုက်နဲ့ နိဗ္ဗာန်နဲ့ မကိုက်ပါဘုရား)။

ဒါကြောင့် မရတာ။ ဘုရားတွေက တို့များမေ့လို့ ထင်ပါရဲ့လို့ အောက်မေ့မနေနဲ့။ သဘောပါပလား ... (ပါ,ပါတယ်)။

## လူတစ်ယောက်မှာ စိတ်တစ်ခုနှင့် အသက်ရှင်နေတာ

ကောင်းပြီ ... ဒါဖြင့် တစ်နည်းပြောပါဦးမယ်။ လူတစ်ယောက်မှာ စိတ်တစ်ခုနဲ့ အသက်ရှင်နေတာ။ တစ်ခုနဲ့အသက်ရှင်သလား၊ နှစ်ခုနဲ့ အသက်ရှင်သလား ... (တစ်ခုနဲ့ အသက်ရှင်ပါတယ်)။

"ကေစိတ္တသမာယုတ္တာ" တစ်ခုသော စိတ်နဲ့ အသက်ရှင်တယ်။ ဒီစိတ်ကလေးက ဖြစ်ပြီး ပျက်သွားတဲ့အခါကျတော့ မသေသေးဘူးလား။ လူတစ်ယောက် ... (သေပါတယ်ဘုရား)၊ ဥပမာ ... မောင်ကို တစ်ယောက်ဖြင့် မောင်ကိုတစ်ယောက်သေတယ်။ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။ ဦးညွန့်တစ်ယောက်ဖြင့် ... (ဦးညွန့်တစ်ယောက် သေပါတယ်ဘုရား)။

စိတ်တစ်ခုနဲ့ အသက်ရှင်တာကိုး ... (မှန်ပါ့ဘုရား)။ အဲဒီအသေကို ဒီကနေပြီးသကာလ နောက်စိတ်ဆိုတာလည်း မပေါ်ဘဲနေလို့ မရဘူး ... (မှန်ပါ့)။ အဲဒီတော့ နောက်စိတ်နဲ့အသေကိုအရှင်နဲ့ကြည့်ပါ ... (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ဘာတဲ့တုန်း ... (အသေကို အရှင်နဲ့ ကြည့်ရမှာပါဘုရား)။ အသေကို အရှင်နဲ့ ... (ကြည့်ရမှာပါဘုရား)။ အရှင်နဲ့ကြည့်တဲ့၊ နောက်စိတ်နဲ့ကြည့်... (မှန်ပါ့)။ သဘောပါပလား ... (ပါ,ပါပြီ)။ နောက်စိတ်မှာ မဂ္ဂင်ပါ,ပါတယ်။ အသေကို ... (အရှင်နဲ့ကြည့်ရပါမယ်)။ အသေကဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ အရှင်က ... (မဂ္ဂသစ္စာပါဘုရား)။ ပြန်ကိုက်တာကိုး၊ ရိုပ်မိပါလား ... (ရိုပ်မိပါပြီ)။ ပြန်မကိုက်ဘူးလား ... (ကိုက်ပါတယ်ဘုရား)။

# အသေကိုအရှင်နဲ့ကြည့်

ဒါဖြင့် အသေကို ... (အရှင်နဲ့ကြည့်ရပါမယ်ဘုရား)။ ဒါဖြင့် စိတ်သေတိုင်း၊ သေတိုင်း အရှင်နဲ့ကြည့်မယ်ဆိုလို့ရှိရင် ဒီသံသရာ ပြတ်,မပြတ် ... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီစိတ်နဲ့ အသက်ရှင်တယ်။ နောက် ဒီစိတ်ကလေး သေသွားတော့နော် ... နောက်စိတ်မလာရင် ဒကာ၊ ဒကာမတို့ သုသာန်ပို့ရမယ် ... (မှန်ပါ့)။ မပို့ရဘူးလား၊ ပို့ရမလား ... (ပို့ရပါမယ်)။

ဒါဖြင့် သုသာန်မပို့ပါနဲ့တဲ့။ နောက်စိတ်က ပေါ်လာတော့ကို နောက်စိတ်နဲ့ အသက်မရှင်ရဘူးလား ... (ရှင်ရပါတယ်)။ ဒါဖြင့် အရင်စိတ်နဲ့ အသက်ရှင်နေတဲ့ ဒကာတစ်ယောက်၊ ဒကာမ တစ်ယောက် မသေသေးဘူးလား ... (သေပါတယ်ဘုရား)။ ဒါဖြင့် အသေကို ဘာနဲ့ကြည့်ရမလဲ ... (အရှင်နဲ့ကြည့်ရမှာပါ)။ အသေကို ... (အရှင်နဲ့ကြည့်ရမှာပါဘုရား)။ အသေကို ... (အရှင်နဲ့ ကြည့်ရမှာပါဘုရား)။

ဒါဖြင့်အသေကို အရှင်နဲ့ကြည့်တော့ အသေဟာ ဘာသစ္စာ တုန်း ... (ဒုက္ခသစ္စာပါဘုရား)။ မရဏမ္ပိဒုက္ခံလို့ ဘုရားက ဟောထားတယ်။ ရုပ်၏ မရဏ၊ နာမ်၏မရဏ၊ သဘောကျပလား

... (ကျပါပြီ)။ မရဏမှ ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာဆိုတာ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အသေက ဒုက္ခသစ္စာ၊ အရှင်က ဘာသစ္စာလဲ... (မဂ္ဂသစ္စာပါဘုရား)။ ဒါဖြင့် မင်္ဂလာရဖို့ ဒကာ၊ ဒကာမတို့ ဘယ်လိုရအောင် လုပ်ကြမတုန်းဆို အသေကိုအရှင်နဲ့ကြည့်ရင် မင်္ဂလာရတယ် ... (မှန်ပါ့)။ အသေကို ... (အရှင်နဲ့ကြည့်ရင် မင်္ဂလာရပါတယ်ဘုရား)။

သူများပြောလား၊ ခင်ဗျားတို့အတွေ့လား ... (အတွေ့ပါဘုရား)။ သူများပြောသံကြားဆိုရင် ခင်ဗျားတို့ မယုံပါနဲ့။ ဒါဖြင့် ကိုယ်အသေကိုယ် မြင်တာလား၊ သူများအသေမြင်တာလား ... (ကိုယ့်အသေကိုယ်မြင်တာပါဘုရား)။

ကိုယ့်အသေက ဒုက္ခသစ္စာ၊ ရှင်းပလား၊ ကိုယ်မြင်တာက ... (မဂ္ဂသစ္စာပါဘုရား)။ ကိုယ့်အသေက ... (ဒုက္ခသစ္စာပါဘုရား)။ အသေထက် ဒုက္ခရောက်တာများ ရှိသေးသလား ... (မရှိပါဘုရား)။ ဒါဖြင့် ကိုယ့်အသေက ... (ဒုက္ခသစ္စာပါ)။ ကိုယ်မြင်တာက ... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တဲ့ပုဂ္ဂိုလ်ဟာဖြင့် နောက်လူ့ဘဝ၊ နတ်ဘဝ ဆုတောင်းပါဦးမလား ... (မတောင်းပါဘုရား)။ ဒီလိုချည်းသေနေမှာပဲဆိုတာ မသိဘူးလား ... (သိပါတယ်ဘုရား)။ အဲဒီတော့ ငြီးငွေ့မလာပေဘူးလား ... (လာပါတယ်ဘုရား)။

## ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်

ကိုယ့်အသေကိုယ်မြင်တာက ယထာဘူတဉာဏ်၊ မြင်ပါများလို့ ငြီးငွေ့လာတာက နိဗ္ဗိန္ဒဉာဏ် ... (မှန်ပါ့)။

နောက် ရှုဖန်များတော့ ကိုယ့်အသေကြီးကိုယ်လိုချင်သေးရဲ့လား ... (မလိုချင်ပါဘုရား)။ မလိုချင်တာက ဘာလဲ ... (မဂ်ဉာဏ်ပါ ဘုရား)။

အဲဒီအချိန်ကျတော့ ဒီခန္ဓာငါးပါးအကုန်ပျောက်တယ် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါတယ်)။ အသေဇာတ် မသိမ်းဘူးလား ... (သိမ်းပါတယ်ဘုရား)။ အသေဇာတ်သိမ်းတာက ဘာခေါ်မယ်... (နိဗ္ဗာန်) မြင်တာက ... (မဂ်ဉာဏ်)၊ မဂ်ဉာဏ်ဆိုတာ ဒကာ၊ ဒကာမတို့ ဒါဖြင့် နိဗ္ဗာန်ဝေးသလား၊ နီးသလား ... (နီးပါတယ်ဘုရား)။ ဒီက နိဗ္ဗာန်၊ ဒီက မဂ်ဉာဏ်၊ ပထမရှုတုန်းကတော့ ဒီက ဒုက္ခသစ္စာ၊ ဒီက မဂ္ဂသစ္စာ။

နောက် မဂ်ရင့်လာတဲ့အခါ သီလမဂ္ဂင်ပါ တိုးလာတဲ့အခါ ဒီက နိရောဓသစ္စာ၊ ဒီက ဘာတုန်း ... (မဂ္ဂသစ္စာပါဘုရား) ရှင်းပလား ... (ရှင်းပါပြီ)။ ဒီလိုဆိုရင် ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ဝေးသလား၊ နီးသလား ... (နီးပါတယ်ဘုရား)။

ဒါကြောင့် ဘုရားက "နိဗ္ဗာနဿေဝ သန္တိကေ"လို့ သံယုတ်ပါဠိတော်ကြီးမှာ ဟောထားတယ်။ နိဗ္ဗာန် အနီးကလေးကွ၊

ဒကာ၊ ဒကာမတို့ ဘုရားက နိဗ္ဗာန် ဘာတဲ့ … (အနီးကလေးပါ ဘုရား)။ အနီးကလေးလို့ မဟောဘူးလား … (ဟောပါတယ် ဘုရား)။

ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုန်း။ ကွေ့သွားနေလို့၊ ရိပ်မိပလား … (ရိပ်မိပါပြီ)။ ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မ တုန်းမေးရင် … (ကွေ့သွားနေလို့ပါ)။ ဘယ်ဘက်ကွေ့နေသတုန်း ဆိုတော့ ဒီပတ်နေတာကိုးတဲ့။ သူ့ဟာက ရိပ်မိပလား … (ရိပ်မိပါပြီ)။ ဘယ်ပတ်နေသတုန်း … (အဝိုင်းကြီးပတ်နေပါတယ်)။ အဝိုင်းပြေး ပြေးနေလို့ရှိရင် ရောက်နိုင်ပါ့မလား … (မရောက်နိုင်ပါဘုရား)။ ဒါဖြင့် ယနေ့ ဖြတ်လမ်းရပလား … (ရပါပြီဘုရား)။

## ပေါ်လာသမျှ စိတ် ဖြစ်ပျက်ရှု

ဒါဖြင့် လောဘစိတ်လာလည်း ဖြစ်ပျက်ရှု၊ ဒေါသစိတ် လာကော … (ဖြစ်ပျက်ရှု)၊ မောဟစိတ်လာကော … (ဖြစ်ပျက်ရှု ရမယ်ဘုရား)။

ဒါဖြင့် မြင်စိတ်လာရင် … (ဖြစ်ပျက်ရှုရပါမယ်)။ ကြားတဲ့ စိတ်လာရင် … (ဖြစ်ပျက်ရှုရပါမယ်)။ နံစိတ်လာရင်… (ဖြစ်ပျက် ရှုရပါမယ်)။ ယားတဲ့စိတ်လာရင် … (ဖြစ်ပျက်ရှုရပါမယ်)။ ကောင်းတဲ့ စိတ်လာရင် … (ဖြစ်ပျက်ရှုရပါမယ်)။ ကုသိုလ်ပြုချင်ရင်ကော … (ဖြစ်ပျက်ရှုရပါမယ်)။ ကုသိုလ်စိတ်လည်း ဖြစ်ပျက်ရှု … (မှန်ပါ့ ဘုရား)။

နို့မို့ကိုယ့်ကုသိုလ်ကလေး ကိုယ်ပြန်သာယာနေလို့ရှိရင်ဖြင့် တဏှာဖြစ်သွားဦးမယ် ... (မှန်ပါ့)။ မဖြစ်ပေဘူးလား ... (ဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ မေတ္တာစိတ်ကလေးကော ... (ဖြစ်ပျက်ရှုရမှာပါဘုရား)။ သဘောကျပလား ... (ကျပါပြီ)။

ရှုစိတ်ကလေးကော ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှိက်စိတ်ကလေးကော ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုရမှာ ဆယ့်နှစ်ချက်ဆိုပြီး ခင်ဗျားတို့ ဦးသံဒိုင်အိမ်မှာ အကုန်စာနဲ့ ရေးပေးထားတယ်နော် ... ဝေပါလိမ့်မယ် ... (မှန်ပါ့)။

အဲဒီအတိုင်း ရှုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ညနေအားထုတ်နံနက်ရမယ်။ သဘောကျပလား ... (ကျပါပြီ)။ မြန်လှချည်လားဘုရားဆိုတော့ ကိလေသာတော့ ကြားမှာ မခြားစေနဲ့ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။

## ကိလေသာကြား မခြားဖို့ အရေးကြီးတယ်

ကိလေသာကြား မခြားရင် ညနေအားထုတ်ရင် ... (နံနက်ရပါတယ်ဘုရား)။

ကိလေသာကြားခြားရင် ဒီဘဝအားထုတ်လည်း မရ။ နောက်ဘဝအားထုတ်ကော ... (မရပါဘုရား)။ ဘယ်တော့မှ မရလို့မှတ်။ ဒါဖြင့်ကိလေသာကြား မခြားဖို့ရာ အင်မတန် အရေးမကြီးဘူးလား ... (ကြီးပါတယ်ဘုရား)။ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်။ ဘုန်းကြီးသတိပေးလိုက်မယ်။ ကိလေသာကလေး ဝင်လာတယ်။ ထမင်းစားချင်တဲ့စိတ်ကလေး ပေါ်လာတယ်။ ဒါ ကိလေသာစိတ်ဝင်တာပဲ မဟုတ်လား ... (မှန်ပါ့) အဲဒီစားချင်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီဘုရား)။ ဒီပြင် ဝင်နိုင်သေးရဲ့လား ... (မဝင်နိုင်ပါဘုရား)။ ဟင် ... သူများကို နှုတ်ခမ်းဆူချင်တဲ့ဒေါသစိတ်ကလေးကော မလာတတ်ဘူးလား ... (လာတတ်ပါတယ်ဘုရား)။ အဲဒီလို ဒေါသဖြစ်လာရင် ဘာလုပ်မလဲ ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် လောဘလာလည်း ဖြစ်ပျက်ရှု၊ ဒေါသလာလည်း ဖြစ်ပျက်ရှု၊ သဘောပါပလား ... (ပါ့ပါပြီ)။ ဒါဖြင့် ဖြစ်ပျက်၊ မဂ် မကိုက်သေးဘူးလား ... (ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။ အင်း ... ရှုတာက ... (မဂ္ဂသစ္စာပါဘုရား)။ သေတာက ... (သမုဒယသစ္စာပါဘုရား)။ နောက်ဒုက္ခမပေါ်တာက နိရောဓသစ္စာ ... (မှန်ပါ့၊ နိရောဓသစ္စာပါ)၊ ဒုက္ခနိရောဓော နိဗ္ဗာန်ကိုး ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ့ပါတယ်ဘုရား)။ ဟောဖို့တော့ အချိန်တော်တာပဲ။ နာရီစေ့ပြီ တော်ကြဦးစို့။

**သာဓု ... သာဓု ... သာဓု**

ဤတွင် ဉာတရားတော် ပြီးဆုံးပါပြီ။